ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုရှိသော၊ တာဝန်ယူတာဝန်ခံနိုင်သည့်
ဒေသန္တရ စီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း

# တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသန္တရစီမံအုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေး အတွေ့အကြုံများနှင့်ဦးစားပေးကိစ္စရပ်များ

*တနင်္သာရီတိုင်းဒေသကြီးရှိ ဒေသန္တရစီမံအုပ်ချုပ်မှုကို*
*အခြေပြုမြေပုံပြုစုလေ့လာခြင်းမှ တွေ့ရှိချက်များ*

# **အနှစ်ချုပ်**

Emilie Röellနှင့် Susanne Kempel

*၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင်ထုတ်ဝေပါသည်။*

ဤစီမံကိန်း၏ရံပုံငွေကို
ဥရောပသမဂ္ဂမှ
ထောက်ပံ့ပါသည်။

ဤစီမံကိန်းကို VNG International အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊
လောကအလင်းလူမှုဖွံ့ဖြိုးရေးကွန်ယက်တို့နှင့် မိတ်ဖက်ပြုလျက် ရံပုံငွေ
ပူးပေါင်းစိုက်ထုတ်ကာ အကောင်အထည်ဖော်ပါသည်။

# မာတိကာ

ကျေးဇူးတင်လွှာ ၃
စီမံကိန်းအကောင်အထည်ဖော်နေသည့်အဖွဲ့အစည်းများ ၄
PALGO စီမံကိန်း ၅
သီးသန့်ရည်မှန်းချက်များ ၅
အခန်း ၁။ နိဒါန်း ၆

၁ အခန်း ၁။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ၈

၁.၁ တရားဝင်ဖွဲ့စည်းထားပုံ၊ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းဆောင်တာများ ၈
၁.၂ ပေးထားသော အခွင့်အာဏာအအပေါ် အပြည့်အဝလုပ်ဆောင်နိုင်မှု ၉
၁.၃ နိုင်ငံသားများ၏ ပါဝင်မှု ၁၀
၁.၄ ပွင့်လင်းမြင်သာမှု ၁၁
၁.၅ တာဝန်ခံမှု ၁၂

၂ အခန်း ၂။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၁၄

၂.၁ တရားဝင်ဖွဲ့စည်းထားပုံ၊ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းဆောင်တာများ ၁၄
၂.၂ ပေးထားသော အခွင့်အာဏာအအပေါ် အပြည့်အဝလုပ်ဆောင်နိုင်မှု ၁၄
၂.၃ နိုင်ငံသားများပါဝင်မှု ၁၇
၂.၄ ပွင့်လင်းမြင်သာမှု ၁၈
၂.၅ တာဝန်ခံမှု ၁၉

၃ အခန်း ၃။ ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀

၃.၁ တရားဝင်ဖွဲ့စည်းထားပုံ၊ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းဆောင်တာများ ၂၀
၃.၂ ပေးထားသော အခွင့်အာဏာအအပေါ် အပြည့်အဝလုပ်ဆောင်နိုင်မှု ၂၀
၃.၃ နိုင်ငံသားများပါဝင်မှု ၂၁

၃.၄ ပွင့်လင်းမြင်သာမှု ၂၂
၃.၅ တာဝန်ခံမှု ၂၂

၄ အခန်း ၄။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ၂၄

၄.၁ တရားဝင် ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ငန်းဆောင်တာများ ၂၄
၄.၂ ပေးထားသော အခွင့်အာဏာအအပေါ် အပြည့်အဝလုပ်ဆောင်နိုင်မှု ၂၄
၄.၃ နိုင်ငံသားများပါဝင်မှု ၂၅
၄.၄ ပွင့်လင်းမြင်သာမှု ၂၆
၄.၅ တာဝန်ခံမှု ၂၆

# ကျေးဇူးတင်လွှာ

တနင်္သာရီတိုင်းဒေသကြီးတွင် ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေး တိုးတက်ဖြစ်ပေါ်စေရန် စိတ်ဝင်တစားရှိ ပြီး အားကြိုးမာန်တက် ပံ့ပိုးမှုများပေးခဲ့ကြသော တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါ်လဲ့လဲ့မော်၊ အိမ်ရာနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်နှင့် တနင်္သာရီတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် စီမံကိန်းရေးဆွဲရေးဝန်ကြီး ဦး ဖြိုးဝင်းထွန်းတို့အား ကျေးဇူးအထူးတင်ရှိကြောင်းပြောကြားလို ပါသည်။ တိုင်းဒေသကြီးအတွင်း အားလုံးပါဝင်နိုင်ပြီး တာဝန်ခံမှုရှိမည့် ဒေသန္တရအုပ်ချုပ်ရေးကို မြှင့်တင်ပေးရန် ရည်သန်၍အစီရင်ခံစာ၏ တွေ့ရှိချက်များနှင့် အကြံပြု ချက်များရေးသားရာတွင် ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခြင်းသည်လည်း တန်ဖိုးမဖြတ်နိုင်သည့်ပူးပေါင်းဆောင်ရွက်မှုများ အဖြစ်မှတ်တမ်း တင်အပ်ပါသည်။

"တနင်္သာရီတိုင်းဒေသကြီးအတွင်း အားလုံးပါဝင်နိုင်ပြီး တာဝန်ခံမှုရှိမည့် ဒေသန္တရအုပ်ချုပ်ရေး" စီမံကိန်းအစပြု ရာတွင်လည်းကောင်း၊ ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက်လည်းကောင်း တန်ဖိုးမဖြတ်နိုင်သည့် ပံ့ပိုးမှုများ အစပြုပေးခဲ့သော တနင်္သာရီတိုင်းဒေသကြီး၏ ယခင်ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ယခင်စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦး တို့ကိုလည်း ကြီးမားစွာ အသိအမှတ်ပြုကြောင်းပြောကြားလိုပါသည်။

တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အတွင်းရေးမှူးနှင့် တနင်္သာရီတိုင်းဒေသကြီး အထွေ ထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးများတို့ကိုလည်း ဆက်လက်ပံ့ပိုးမှုများပြုလုပ်ပေးနေခြင်းအတွက် ကျေးဇူးတင်ကြောင်း ပြောကြား လိုပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြိတ် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ထားဝယ်မြို့ နယ်အုပ်ချုပ်ရေးမှူးနှင့် မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူးတို့ဖြင့် ၎င်းတို့၏ ဝန်ထမ်းများကိုလည်း အချိန်ပေး၍ ကူညီ မှုများကို ကျေးဇူး တင်ကြောင်းပြောကြားလိုပါသည်။

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးလှမျိုး၊ ထားဝယ်နှင့် မြိတ်မြို့နယ်များမှ စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် ဝန်ထမ်းအားလုံး၊ ထားဝယ်နှင့် မြိတ်မြို့နယ်များမှ စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အရေးပါသော ကူညီပံ့ပိုးမှုများမပါပဲ ဤအစီရင်ခံစာဖြစ်လာရန် မလွယ်ပါ။

တနင်္သာရီတိုင်းဒေသကြီး၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ထားဝယ်နှင့် မြိတ်မြို့များမှ ညွှန်ကြားရေးမှူး များနှင့် ဝန်ထမ်းအားလုံးကို ၎င်းတို့၏ သတင်းအချက်အလက်များနှင့် အမြင်များမျှဝေမှုအပေါ်လည်း ကျေးဇူး တင်ကြောင်းပြောကြား လိုပါသည်။

ထို့အတူ မြို့နယ်စည်ပင်သာယာရေးကော်မတီများမှဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ယခင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ၊ ရပ်/ကျေးအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ယခင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အထောက်အကူပြုကော်မတီအဖွဲ့ဝင်ဟောင်းများ၊ ရပ်ရွာလူထုများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် စီးပွားရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များအား စိတ်ရှည်လက်ရှည် အချိန်ပေး၍ ဝိုင်းဝန်းစဉ်းစား ပေးခဲ့မှုများအတွက် အထူးပင်ကျေးဇူးတင်ပါသည်။ ပါဝင်ဆောင်ရွက်ပေးခဲ့မှုများသည် တန်ဖိုးမဖြတ်နိုင်ပါ။ ဤအစီရင်ခံစာ သည်လည်း လောကအလင်းလူမှုဖွံ့ဖြိုးရေးကွန်ရက် (LASDN) မှ ဌာနေဝန်ထမ်းများ၊ The Hague ရှိ VNG International ရုံး၏ စိတ်ရှည်လက်ရှည်ပံ့ပိုးမှုများနှင့် ဥရောပကော်မရှင်၏ ငွေကြေးပံ့ပိုးမှုများမပါဝင်ပါက ထွက် ပေါ်လာနိုင်ဖွယ်မရှိပေ။

နောက်ဆုံးအနေဖြင့် အရေးပါသော စကားဆိုရပါက တနင်္သာရီတိုင်းဒေသကြီးအစိုးရအနေဖြင့် VNG International ၊ LASDN ၊ ဥရောပကော်မရှင်တို့ဖြင့် ပူးပေါင်း၍ တနင်္သာရီတိုင်းဒေသကြီးတွင် အားလုံးပါဝင်နိုင်ပြီး တာဝန်ခံမှုရှိမည့် ဒေသန္တရအုပ်ချုပ်ရေးကို မြှင့်တင်ရန် ဆက်လက်လုပ်ဆောင်ရာ၌ အောင်မြင်စေရန် ဆုတောင်း ပါသည်။

## စီမံကိန်းအကောင်အထည်ဖော်နေသည့်အဖွဲ့အစည်းများ

**VNG International** သည် နယ်သာလန်မြူနီစပါယ်များအသင်းအဖွဲ့၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အေဂျင်စီပင်ဖြစ်ပါသည်။ **VNG International** သည် အာဏာခွဲဝေကျင့်သုံးခြင်းဖြစ်စဉ်များကို ပံ့ပိုးပေးနေပြီး အာဏာခွဲဝေကျင့်သုံးခြင်းအခြေပြု ပူးပေါင်းဆောင်ရွက်မှုများကို ချောမွေ့အောင် ပံ့ပိုးကူညီလုပ်ဆောင် ပေးပါသည်။ **VNG International** သည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အသွင်ကူးပြောင်းနေသည့်နိုင်ငံများတွင် ဒေသန္တရအစိုးရများ၊ ၎င်းတို့၏အဖွဲ့အစည်းများ၊ သင်တန်းကျောင်းများ၊ အာဏာခွဲဝေခြင်း လုပ်ငန်း အင်အားစုများကို ပိုမိုခိုင်မာအားကောင်းစေရန် စွမ်းဆောင်ရည်တည်ဆောက်သည့် ဝန်ဆောင်မှုများ ပေးနေပါသည်။

**လောကအလင်းလူမှုဖွံ့ဖြိုးတိုးတက်ရေးကွန်ယက်** သည်ရန်ကုန်တွင်အခြေစိုက်သည့် လွတ်လပ်သော အရပ်ဖက်လူ့အဖွဲ့အစည်း ဖြစ်သည်။၎င်း၏မစ်ရှင်သည်တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်မှုအတွက်ကွန်ယက်တည်ဆောက်ခြင်းနှင့်စွမ်းဆောင်ရည် တည်ဆောက်ခြင်း တို့မှတစ်ဆင့် အမျိုးမျိုးသော လူထုအခြေပြုအုပ်စုများနှင့်အဖွဲ့အစည်းများကို တည်ထောင်ရန်နှင့် ဒေသန္တရအုပ်ချုပ်ရေးတွင် ပူးပေါင်း ပါဝင်လာမှုနှင့် အကျိုးသက်ရောက်မှုမြင့်တက်လာစေရန်ဖြစ်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီးအစိုးရ၊ လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန**

တနင်္သာရီတိုင်းဒေသကြီးအစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)အရ တိုင်းဒေသကြီး အတွင်းရှိအုပ်ချုပ်ရေးဆိုင်ရာ အရေးအရာများကို တာဝန်ယူဆောင်ရွက်ရသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဖြစ်ပါသည်။ ဝန်ကြီးချုပ်၏ အုပ်ချုပ်မှုအောက်တွင်ရှိသော လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီး၏ စည်ပင်သာယာကိစ္စများ၊ လူမှုရေးရာ၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စတို့အတွက် တာဝန်ရှိပါသည်။

**မြန်မာနိုင်ငံရှိ ဥရောပသမဂ္ဂ**

ဥရောပသမဂ္ဂမှပံပိုးမှု၏ ရည်ရွယ်ချက်မှာ တရားဥပဒေနှင့်ညီသော အရပ်ဖက်အစိုးရတစ်ရပ်သည် နိုင်ငံနှင့် နိုင်ငံသားများအတွက် လူမှုစီးပွားဖွံ့ဖြိုးမှုများကို ရှေ့ရှုဦးတည်ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးရန်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး မြန်မာနိုင်ငံ၏ နိုင်ငံတကာ မျက်နှာစာမှပုံရိပ်ကို ပြန်လည်တည်ဆောက်နိုင် စေရန်လည်း ရည်ရွယ်ပါသည်။ နိုင်ငံရေးအကူအညီများအပြင် ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ အကြီးဆုံး ပံ့ပိုးငွေအလှူရှင် ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ ရည်မှန်းချက်များပေါက်ရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အတွက် ၂၀၁၄ မှ ၂၀၂၀ အတွင်း ယူရ ၁ ဘီလီယံ နီးပါးကိုထည့်ဝင်လှူဒါန်းသွား မည်ဖြစ်ပါသည်။

# PALGO စီမံကိန်း

PALGO စီမံကိန်း၏ ရည်ရွယ်ချက်သည် 'ပူးပေါင်းပါဝင်ခွင့်ရှိ၍ တာဝန်ယူတာဝန် ခံမှုရှိသော ဒေသန္တရအုပ်ချုပ်မှုကို မြန်မာနိုင်ငံ၊ တနင်္သာရီတိုင်းဒေသကြီးတွင် မြှင့်တင်ဆောင်ရွက်ရန်' ဖြစ်ပါသည်။ အစိုးရဝန်ထမ်းများနှင့် မြို့နယ်ကော်မတီ အဖွဲ့ဝင်များကိုပြည်သူများနှင့် ချိတ်ဆက်နိုင်သည့် စွမ်းဆောင်ရည်ကို တိုးတက်လာစေခြင်းဖြင့် စီမံကိန်းရည်ရွယ်ချက်ကို အကောင်အထည် ဖော်နိုင်မည် ဖြစ်ပြီး၊ အစိုးရဝန်ထမ်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံရေး ကိုယ်စားပြုပုဂ္ဂိုလ်များနှင့် ပြည်သူများ အနေဖြင့် ဒေသအတွင်း ဒေသန္တရအုပ်ချုပ်မှုတိုးတက်လာရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းလုပ်ဆောင်နိုင်မည့် အခွင့်အရေးများ ဖန်တီးပေးခြင်းဖြင့်လည်း စီမံကိန်းရည်ရွယ်ချက်ပြီးမြောက် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းကို VNG International၊ လောကအလင်းလူမှုဖွံ့ဖြိုးတိုးတက်ရေးကွန်ယက်နှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရတို့မှအကောင်အထည်ဖော်မည် ဖြစ်ပြီး ဖေဖော်ဝါရီ၊ ၂၀၁၅ မှ ဇန်နဝါရီ၊ ၂၀၁၈ အထိ လုပ်ဆောင်မည်ဖြစ်ပါသည်။

စီမံကိန်းဘတ်ဂျက်သည် ယူရို (၆၇၀၆၀၉.၄၂) ဖြစ်၍ ဥရောပသမဂ္ဂအစီအစဉ် "Non State Actors and Local Authorities in Development" အောက်တွင် မြန်မာနိုင်ငံရှိ ဒေသန္တရအုပ်ချုပ်မှုအား ဥရောပသမဂ္ဂမှ ထောက်ပံ့ပေးမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ပူးတွဲရန်ပုံငွေ(၇၄.၅၄%အတွက်) ထောက်ပံ့ထားခြင်းဖြစ်ပါသည်။

## သီးသန့်ရည်မှန်းချက်များ

၁။ ပူးပေါင်းပါဝင်နိုင်မှုရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် တာဝန်ခံမှုရှိသော ဘဏ္ဍာငွေစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် တနင်္သာရီတိုင်းဒေသကြီးမှ ဒေသန္တရအဆင့်အာဏာပိုင်များ၏ စွမ်းဆောင်ရည် အားကောင်းလာစေရေး။

၂။ ဒေသန္တရအဆင့်အာဏာပိုင်များ၊ ဒေသခံအရပ်ဖက်လူ့အဖွဲ့အစည်းများ (အမျိုးသမီးနှင့် လူငယ်များအပါအဝင်)၊ စီးပွားရေး အသင်းအဖွဲ့များအကြား တက်ကြွသောဆက်ဆံမှုနှင့် တွေ့ဆုံဆွေးနွေးမှုများ အားကောင်းလာစေခြင်းဖြင့် ပြည်သူများ ပူးပေါင်း ပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ဆက်သွယ်ရေးတို့ဖြစ်လာစေရန် အားပေးခြင်း။

၃။ ရေရှည်ခံ၍ဆန်းသစ်သောနမူနာပုံစံများ၊လုပ်နည်းလုပ်ဟန်များ၊ သုတေသနများနှင့်အရင်းအမြစ်ပစ္စည်းများကို ဖွံ့ဖြိုး လာစေခြင်း၊ ဖြန့်ဖြူးပေးခြင်းတို့မှတစ်ဆင့် ပူးပေါင်းပါဝင်နိုင်မှုရှိ၍တာဝန်ခံမှုရှိသော ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာအသိအမြင် များနှင့် ပံ့ပိုးကူညီမှုတို့ကို နိုင်ငံအတွင်းတွင်မြှင့်တင်ပေးနိုင်စေရန်။

# အခန်း ၁။ နိဒါန်း

တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်နှင့် မြိတ်မြို့နယ်များတွင်လုပ်ဆောင်ခဲ့သော "အကြုံးဝင်ဆက်စပ်ပါဝင်ပတ်သက်သူများစွာ (multi-stakeholders)ပါဝင်သည့် ဒေသန္တရအုပ်ချုပ်ရေး၌ အစိတ်အပိုင်းများတစ်ခုနှင့် တစ်ခုအဆက်အစပ်အနေအထား ကို ပြသသည့် အခြေပြမြေပုံပြုစုလေ့လာခြင်း" (multi-stakeholders local governance mapping) (နောက်ပိုင်းတွင် mapping ဟုသာသုံးပါမည်) သည် တနင်္သာရီတိုင်း ဒေသကြီး အတွက် ဒေသန္တရအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရာ၌ ဦးစားပေးအချက်များသတ်မှတ်နိုင်ရန်အတွက်ပိုမိုကောင်းမွန်သော သိမြင်နားလည်မှုများ ထွက်ပေါ် လာ ရန်ဖြစ်ပါသည်။ ဤ mapping ကို ၂၀၁၅ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း လုပ်ဆောင်ခဲ့ရာ တိုင်ပင် ဆွေးနွေးမှုများ၊ သုံးသပ်မှုများ၊ နောက်ဆုံးရသတင်းအချက်အလက်များဖြည့်သွင်းခြင်းများပြုလုပ်ခဲ့သည်။ထိုသို့လုပ်ဆောင်ရာတွင်၂၀၁၆ခုနှစ်နှစ်လယ်ပိုင်းအထိ စဉ်ဆက်မပြတ်အကြံဉာဏ်ရယူခြင်း၊ ပြန်လည်သုံးသပ်ခြင်းများလည်းပါဝင်ပါသည်။ ထိုသို့ လုပ်ဆောင်ရာ၌ စီမံချက်ရေးဆွဲခြင်း၊ ဘတ်ဂျက်လုပ်ငန်းစဉ်၊ ဝန်ဆောင်မှုပေးခြင်းများတွင် အောက်တွင် ဖေါ်ပြထားသည့်အဓိကကျသည့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အထူးပြုလေ့လာခဲ့ပါသည်။

- မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) နှင့် ၎င်း၏လက်အောက်ခံ သို့မဟုတ် ရပ်ရွာအဆင့်နှင့် ကြားခံဆက်သွယ်ပေးသူများသဖွယ်ဖြစ်သည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ
- မြို့နယ်စည်ပင်သာယာရေးကော်မတီ (TDAC)
- မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD)
- မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ (TDSC)

(မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ (TDSC) သည်ယခုအချိန်တွင်ဖျက်သိမ်းခဲ့ပြီးဖြစ်သော်လည်း အစီရင်ခံစာအားလေ့လာရာတွင်ဆက်စပ်မှုရှိသောသတင်းအချက်အလက်များရယူနိုင်ရန်အတွက် ထည့်သွင်းဖော်ပြရခြင်း ဖြစ်ပါသည်။)

ဤ Mapping ပြုလုပ်ခြင်းသည် အောက်တွင်ဖော်ပြထားသည့်အရေးကြီးသော မေးခွန်းများကို ဖြေနိုင်ရန် ရည်ရွယ်ပါသည် -

၁။ အဆိုပါအဖွဲ့များသည် စီမံချက်ရေးဆွဲခြင်း၊ဘတ်ဂျက်လုပ်ငန်းစဉ်၊ဝန်ဆောင်မှုပေးခြင်းများနှင့်ပတ်သက်၍1 ၎င်းတို့ကို ပေးထားသည့် အခွင့်အာဏာအပေါ် မည်မျှအတိုင်းအတာအထိ စွမ်းဆောင်ဖြည့်ဆည်းနိုင်သနည်း။ ထိုသို့ဆောင်ရွက်ရာတွင် မည်သို့သော စိန်ခေါ်မှုများရှိနေသနည်း။

၂။ (အဆိုပါအဖွဲ့အစည်းများနှင့်ဆက်စပ်ပတ်သက်ပြီး) နိုင်ငံသားများ၏ ပါဝင်မှုပုံစံနှင့် ပါဝင်နိုင်သည့်အတိုင်းအတာများကို သတ်မှတ်ထားချက်များရှိပါသလား။ ရှိပါကမည်သည်တို့နည်း။

၃။ (အဆိုပါအဖွဲ့အစည်းများနှင့်ဆက်စပ်ပတ်သက်ပြီး) ပွင့်လင်းမြင်သာမှု ပုံစံနှင့် အတိုင်းအတာများကိုသတ်မှတ်ထားချက်များ ရှိပါသလား။မည်သည့်အရာများဖြစ်သနည်း။

၄။ (အဆိုပါအဖွဲ့အစည်းများနှင့်ဆက်စပ်ပတ်သက်ပြီး) တာဝန်ခံမှုပုံစံနှင့်အတိုင်းအတာများကိုသတ်မှတ်ထားချက်များရှိပါသလား။ ရှိပါကမည်သည်တို့ဖြစ်သနည်း။

၅။ တိုးတက်မှုများရှိစေရန် ဦးစားပေးလိုအပ်ချက်များသည် မည်သည်တို့နည်း။

လေ့လာမှုအတွက်အဓိကအသုံးပြုခဲ့သောနည်းစနစ်မှာ သော့ချက်ကျသည့် သတင်းအချက်အလက်ပေးနိုင်မည့် သူများနှင့် တွေ့ဆုံမေးမြန်းခြင်းများ နှင့် ပစ်မှတ်ထားသော အုပ်စုများနှင့် ဆွေးနွေးပွဲများကို အသုံးပြုခြင်းဖြစ်သည်။ ၎င်းတွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုတွင်ဝန်ဆောင်မှုပေးရသူဖက် (supply side) (ထွေအုပ်၊ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ မြို့နယ်စည်ပင်ဌာန၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုအဖွဲ့ နှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ) နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုတွင်ဝန်ဆောင်မှုလက်ခံရယူခွင့်ရှိသူဖက် (demand side) (လူထုအခြေပြုအဖွဲ့များ၊ နိုင်ငံ ရေးပါတီများ၊ စီးပွားရေးအသင်းအပင်းများနှင့် ပြည်သူများ)တို့ ပါဝင်သည်။ ဤလေ့လာမှုတွင် ကျေးလက်နှင့် မြို့ပြမှ ဖြေဆိုသူ ( ၁၇၂ ) ဦး ပါဝင်ခဲ့သည်။

၁

# အခန်း ၁။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ

## ၁.၁ တရားဝင်ဖွဲ့စည်းထားပုံ၊ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းဆောင်တာများ

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ် အတွက် ဗဟိုချက်သဖွယ်ဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင်ရှိပါသည်။ ဦးစီးဌာနသည် မြန်မာ နိုင်ငံတဝှမ်းတွင် ရှိနေပြီး နိုင်ငံအုပ်ချုပ်ရေးယန္တရား၏ ကျောရိုးအဖြစ်တည်ဆောက်ထားသည်။ ထို့အပြင် ပြည်နယ်/ တိုင်းဒေသကြီးအစိုးရများအတွက် အုပ်ချုပ်ရေးဆိုင်ရာနှင့် ညှိနှိုင်းမှုဆိုင်ရာများကိုလုပ်ဆောင်ပေးသည်။ ပထမဆုံး အနေဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် လူဦးရေးနှင့်အိမ်ထောင်စုများမှတ်တမ်း/မှတ်ပုံတင်ခြင်း၊ အခွန်ကောက်ခြင်း၊ ယစ်မျိုးလုပ်ငန်းများ ၊ မြေယာ မှတ်ပုံတင်ခြင်း၊ လူမှု-စီးပွားအချက်အလက်များ ကောက်ယူခြင်းနှင့် ရပ်ရွာအတွင်းအငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းပေးခြင်း များစသည်ဖြင့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်အမျိုးမျိုးကို ထမ်းဆောင်ရပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးခန်းများ၏ ကိစ္စရေးရာများကို စီမံခန့်ခွဲညှိနှိုင်းလုပ်ဆောင်ပေးရသော အဓိကပုဂ္ဂိုလ်သူ ဖြစ်ပါသည်။ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသည် ဒေသဆိုင်ရာစီးပွားရေးနှင့်ဆိုင်သော စီမံအုပ်ချုပ်မှုအတွက် လုပ်ဆောင်ဖွယ်ရာအချို့ကို လုပ်ဆောင် ပေးရသည်။ ထွေအုပ်သည် မြေယာဂရမ်လွှဲပြောင်းခြင်း၊ နှင့် လုပ်ငန်းလိုင်စင်များ၊ အရက်နှင့် မြေခွန်ကောက်ခံခြင်းများအပါအဝင် လိုင်စင်နှင့် လေလံခေါ်ယူခြင်း အမျိုးမျိုးအတွက် လိုအပ်သော ထောက်ခံချက်များ ထုတ်ပေးရသည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများကို ဖွဲ့စည်းခဲ့ပြီး သမ္မတဦးသိန်းစိန် ၏ပြုပြင် ပြောင်းလဲရေး ရည်မှန်းချက် ဖြစ်သော ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက် ရေးကြောင့် ၂၀၁၁ ခုနှစ်ကတည်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၏ အခန်းကဏ္ဍကို တိုးချဲ့ခဲ့သည်။ ဤအခန်းကဏ္ဍအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သည် ပြည်သူဗဟိုပြု အောက်ခြေမှစတင်သော စီမံကိန်းရေးဆွဲခြင်းနှင့်ဖွံ့ဖြိုးတိုးတက်ရေး အားကောင်းရန် ရည်ရွယ်ချက် နှင့်အတူ ကော်မတီသစ်အမျိုးမျိုးကိုပေါင်းစပ် ညှိနှိုင်းပေးရသူဖြစ်လာပါသည်။ ကော်မတီများ တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ(TMC)၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ(TDSC) နှင့် မြို့နယ် စည်ပင်သာယာရေးဖွံ့ဖြိုးရေးကော်မတီ(TDAC) တို့ဖြစ်ပြီး ရပ်ရွာက "ကော်သုံးကော်" ဟု လူသိများသည်။တခါတရံ မြေယာ စီမံခန့်ခွဲမှုကော်မတီ(LMC) ပါပါဝင်လာပြီး ရပ်ရွာလူထုမှ "ကော်မတီလေးရပ်" ဟုဆိုကြပြန်ပါသည်။ ၎င်းသည် မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) တွင် ဥက္ကဋ္ဌအဖြစ်တာဝန် ယူရသည်။

ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ။ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ (ရပ်/ကျေးအုပ်ချုပ်ရေးမှူး များ) သည် အစိုးရအုပ်ချုပ်ရေးယန္တရား၏ အနိမ့်ဆုံးအဆင့်အဖြစ်ဖွဲ့စည်းထားသည်။ ၎င်းတို့သည် ထွေ/အုပ် ဝန်ထမ်း များမဟုတ်သော်လည်း ထွေ/အုပ်၏ အခွင့်အာဏာအောက်တွင်ရှိပါသည်။ ၂၀၁၂ ခုနှစ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးနောက်တွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို ဆယ်အိမ်မှူးများက တိုက်ရိုက် ရွေးချယ် တင်မြှောက်သည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍတွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအတွင်း တရားဥပဒေ စိုးမိုးရေးကိုထိန်းသိမ်းခြင်း၊ စည်းကမ်းလိုက်နာရေးကိစ္စများ၊ ဖွံ့ဖြိုးတိုးတက်ရေးပရောဂျက်များကို စောင့်ကြည့်ခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး နှင့် ဆင်းရဲမွဲတေမှု လျော့ချရေးကိုကူညီခြင်း၊ ရာဇဝတ်မှုကာကွယ်ခြင်းများအတွက် အစိုးရ ဌာနများသို့ အကူအညီပေးခြင်း၊ အများပြည်သူ ပွဲလမ်းများကျင်းပခွင့်ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံတင်ပြခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ အသံချက်စက်အသုံးပြုခွင့် နှင့် ပွဲလမ်းသဘင်ပြုလုပ်ခွင့်ပေးခြင်း၊ ဖွား/သေစာရင်း မှတ်ပုံတင်ခြင်း၊ ဆည်မြောင်းများထိန်းသိမ်းခြင်း၊ မြေခွန်များကောက်ပေးခြင်း၊ ဥပဒေအရ မြို့နယ်အုပ်ချုပ်ရေးမှူး သည် အစိုးရဌာနများနှင့် လူမှုရေးအဖွဲ့အစည်းများ။ INGOs များမှလိုအပ်သောချိတ်ဆက်များကို ကူညီက ထပ၊တိုးတာဝန်ဝတ္တရားများချိတ်ဆက် ထမ်းဆောင်ခြင်းများပါဝင်သည်။

## ၁.၂ ပေးထားသော အခွင့်အာဏာအအပေါ် အပြည့်အဝလုပ်ဆောင်နိုင်မှု

ဖွဲ့စည်းထားပုံ ။ တနင်္သာရီတိုင်းဒေသကြီးတွင် မြို့နယ် ၁၀ မြို့နယ်ရှိပါသည်။ ထားဝယ်နှင့် မြိတ်မြို့များရှိ မြို့နယ်ထွေအုပ်ရုံးများတွင် ဝန်ထမ်း၃၄ ဦးစီရှိပါသည်။ ၎င်းတို့သည် ထားဝယ်မှ ရပ်/ကျေးအုပ်ချုပ်ရေးမှူး ၄၂ ဦး နှင့် မြိတ်မှ ရပ်/ကျေးအုပ်ချုပ်ရေးမှူး ၃၄ ဦး၊ ထိုအရေအတွက် အတိုင်းစီရှိသော ရပ်/ကျေးအဆင့် စာရေးများကို ကြီးကြပ် ရသည်။ မြို့နယ် ၁၀ မြို့နယ်စလုံးတွင် ခရိုင်မြို့နယ်အဆင့် တစ်နေရာထဲ တွင် ဝန်ဆောင်မှု အကုန်ပေးသည့်ရုံး (one stop shop) ကို ၂၀၁၅ နှစ်လယ်၂၀၁၆ နှစ်အစပိုင်းတွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ သို့သော်လည်း ဤသုတေသနပြုလုပ်သည့် အချိန် က အဆိုပါတစ်နေရာထဲ ဝန်ဆောင်မှုပေးသည့် ရုံးများအကြောင်း သိရှိနားလည်မှု နည်းနေပါသေးသည်။ ထားဝယ်နှင့် မြိတ်မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေအရင်း အမြစ် ၅ ခုကိုစီမံခန့်ခွဲရပါ သည်။ ၎င်းတို့မှာ -

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရန်ပုံငွေ

၂။ တိုင်းဒေသကြီးအစိုးရမှ ပေးသော ရန်ပုံငွေ

၃။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး(ကလဖ) ရန်ပုံငွေ

၄။ ဆင်းရဲနွမ်းပါးမှုလျော့ချရေး ရန်ပုံငွေ

၅။ လွှတ်တော်မှရရှိသောဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ တို့ဖြစ်သည်။

စီမံကိန်းရေးဆွဲရေးနှင့် ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းစဉ်များ ။ ခြုံ၍ကြည့်မည်ဆိုပါက မကြာသေးမီနှစ်များ အတွင်း ဘတ်ဂျက် နှင့် စီမံကိန်းရေးဆွဲမှုစနစ်သည် ပြောင်းလဲသွားသည်ဟု မြို့နယ်ထွေအုပ်၏ အဆိုအရ သိရှိရ သည်။ ယခင်က ပြည်ထောင်စုအစိုးရ၏ ပုံသေဘတ်ဂျက်ခွဲဝေချထားမှုအပေါ်တွင်သာ လုံးလုံးတည်မှီနေရာမှ မြို့နယ်အဆင့် အာဏာပိုင် နှင့် ကော်မတီများထံမှ စီမံကိန်းရေးဆွဲရေးနှင့် စီမံခန့်ခွဲရေးစနစ်တွင် အားကောင်းသော ထည့်ဝင်မှုများရှိ လာပါသည်။ ၎င်းတို့က အလေးပေး ပြောကြားရာတွင် အရင်းအမြစ်အမျိုးမျိုးက ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံ ငွေများ ထောက်ပံ့ကြသည် ဟုဆိုပါသည်။ မြို့နယ်အဆင့်ဌာနဆိုင်ရာ အမျိုးမျိုးကြား တွင် စီမံကိန်းရေးဆွဲရေးအတွက် ညှိနှိုင်းရန်အတွက် မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖေါ်ရေး ကော်မတီ (TPIC) ကို ဖွဲ့စည်းခဲ့သည်။ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး(ကလဖ) ရန်ပုံငွေ၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး ရန်ပုံငွေ နှင့် လွှတ်တော်မှရရှိသောဖွံ့ဖြိုး တိုးတက်ရေး ရန်ပုံငွေ ကဲ့သို့သော ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများအတွက် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အမျိုးမျိုးမှ လိုအပ်ချက်များကို ခြုံငုံကြည့်ရှုရန်တာဝန်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏ တာဝန်ဖြစ်သည်။ များသောအားဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို ဖိတ်ကြား၍ လိုအပ်ချက်များကို ဖေါ်ထုတ်ကာ ပရောဂျက် အဆိုပြုလွှာတင် စေသည်။ မည်သည့်အဆိုပြုလွှာသည် မည်သည့်ရန်ပုံငွေ နှင့် အံကိုက်ဖြစ်သည်ဆိုသည်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်အတူ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ (TMC)၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ (TDSC)၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (TDAO)၊ မြို့နယ်စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖေါ်ရေးကော်မတီ (TPIC) နှင့် လွှတ်တော်ကိုယ်စားလှယ်များ (လွှတ်တော်မှရရှိသောဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအတွက်) တို့ဖြင့် ညှိနှိုင်းတိုင်ပင်ကာ မည့်သို့သောလေလံ ခေါ်ယူခြင်းပြုလုပ်မည်ကိုလည်း ဆွေးနွေးဆုံးဖြတ်ပါသည်။ ထိုနောက် သက်ဆိုင်ရာ အစိုးရဌာန (သို့မဟုတ်) ကော်မတီ များမှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ပြုလုပ်ဆောင်ရွက်ပါသည်။

ဖွံ့ဖြိုးတိုးတက်ရေးပရောဂျက်များကို အကောင်အထည်ဖေါ်ခြင်း။ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်ရွာ အကောင်အထည်ဖေါ်ရေးကော်မတီတို့သည် အကောင်အထည်ဖေါ်မှုကို ကြီးကြပ်ခြင်း၊ ရန်ပုံငွေကို စီမံခန့်ခွဲခြင်း နှင့် အစီရင်ခံစာတင်ခြင်းများကို လုပ်ဆောင်ရသည်။ တချို့သောအစိုးရဝန်ထမ်းများ၏ စီမံကိန်းပြီးဆုံးမှုနှင့် အကောင်အထည်ဖော်မှုများအပေါ် စစ်ဆေးရာမှ တွေ့ရှိချက်များပြန်လည်ပြောကြားရာတွင် ကော်မတီများသည် ကန်ထရိုက်တာ အစစ်များ၊ အလုပ်သမားများမဟုတ်ခြင်းကြောင့် ပရောဂျက်များတွင် ပါဝင်ပတ်သက်ရာ၌ စိန်ခေါ်မှုဖြစ်ရပြီး ဖော်ပြထားသည့်ပုံစံတွက်ချက်မှုများနှင့်ကွဲလွဲနေသည်ကိုသိရသည်။ ထွေ/အုပ်အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပညာရှင်ပီပီသသလုပ်ဆောင် လိုသော်လည်း ဝန်ထမ်း မလုံလောက်မှု၊ လုပ်ငန်းဆောင်ရွက်ရန်ပုံငွေမလုံလောက်မှုများ တွေ့ရသည်။

ရပ်ရွာခေါင်းဆောင်များက ယေဘုယျအားဖြင့် ထုတ်ဖော်ပြောကြား ကြသည်မှာ ၎င်းတို့သည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး ပရောဂျက်များ အကောင် အထည်ဖော်ရာတွင် ပါဝင်ရသည်ကို များစွာကျေနပ်ကြောင်းဆိုကြပြီး အချို့ကိစ္စများ တွင် လေ့ကျင့်သင်ကြားပေးမှုများ ရလိုသော်လည်း ပရောဂျက်အသေးလေးများအား စီမံခန့်ခွဲနိုင်သည်ဟု ယုံကြည်မှု ရှိကြကြောင်းဆိုကြသည်။ ၎င်းတို့က စိတ်အားထက်သန်စွာ တောင်းဆိုသည်မှာ ပုဂ္ဂလိက ကန်ထရိုက်တာများ အနေဖြင့် ပရောဂျက်ကြီးများ၏ ရနိုင်သော သတင်းအချက်အလက်များ ပေးကြရန်ဖြစ်ကြောင်းနှင့် သို့မှသာ ၎င်းတို့အနေဖြင့် ထိုပရောဂျက်ကြီးများကို စောင့်ကြည့်နိုင်မည့် အနေအထားကောင်းကောင်းရှိမည် ဟုဆိုကြသည်။

## ၁.၃ နိုင်ငံသားများ၏ ပါဝင်မှု

ကိုယ်စားပြုမှု ။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများတွင် သွယ်ဝိုက်ပါဝင်နိုင် သော အရေးကြီးသည့် နေရာမှာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲများဖြစ်သည်။ ယခင်စနစ်နှင့် ယှဉ်ပါက ပိုမိုကိုယ်စား ပြုခွင့်ရပြီး ပွင့်လင်းမြင်သာမှုရှိသည်။ သို့သော် ထားဝယ်နှင့်မြိတ်မြို့များမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အကျွမ်းဝင်ပါသည်ဆိုသူ ပြည်သူများကို တွေ့ဆုံမေးမြန်းရာတွင် တစ်ဝက်ထက်နည်း သောသူများက တိုးတက်ရန်လိုသည့် နယ်ပယ်များရှိနေသေးကြောင်း ဖြေကြသည်။ ပြည်သူများကဖြေကြားကြရာ တွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ ပြည်သူများတောင်းဆိုမှုအပေါ် နားထောင်ပုံ၊ တုန့်ပြန်ပုံနည်းလမ်းများ၊ ရပ်ရွာ အတွင်းမှ ပြည်သူများ နှင့် ဆက်သွယ်ပုံနည်းလမ်းများ၊ သည် ၂၀၁၂ ခုနှစ်ကတည်းက ပြောင်းလဲသွားခဲ့ပြီး ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် အကြံဉာဏ်များပိုမိုယူလာခြင်း၊ ပိုမိုတက်ကြွလာခြင်းများရှိသည်ဟု ဆိုကြသည်။ ဖြေဆိုသူ များက အလေးအနက်ထားပြောကြားရာတွင် တုန့်ပြန်ပုံတိုးတက် လာခြင်းကြောင့် ရလဒ် အားဖြင့် လမ်းနှင့်တံတားများ ပိုကောင်းလာခြင်း၊ ရေစီးရေလာတိုးတက်လာခြင်း၊ ရပ်ရွာဆေးပေးခန်းကို ပြင်ဆင်လာခြင်း ကဲ့သို့သော ရပ်ရွာအခြေခံ အဆောက်အအုံများတိုးတက်လာခြင်းများ ရှိသည်ဟုဆိုကြသည်။ ခြုံငုံ၍ အလေးအနက် ပြောသည်မှာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် ရပ်ရွာလိုအပ်ချက်ကို ပိုမိုနားထောင်လာခြင်း၊ ဒေသနှင့်ဆိုင်သော ပရောဂျက်များအကြောင်း သတင်းအချက်အလက်များကို ပြည်သူများပိုမိုရရှိလာစေခြင်းများရှိ လာသည်ဟုဆိုသည်။ သို့သော်လည်း အနာဂါတ်တွင် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရွေးချယ်သည့်အခါတွင်မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက် ပိုမိုလုပ်ဆောင်လာရန် လိုအပ်ပြီး ပူးပေါင်းပါဂင်မှုများလည်း ရှိရန်လိုအပ်ပါသည်။

ပြည်သူများတိုက်ရိုက်ပါဝင်မှု ။ ယေဘုယျအားဖြင့် ထားဝယ်နှင့်မြိတ်မြို့နယ် များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တို့က ပြောကြားကြရာတွင် ရပ်ရွာလူထုသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အကောင်အထည်ဖော်ဆောင်ရေးကော်မတီ များမှတဆင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အနီးကပ်ပါဝင်လာကြကြောင်း၊ သို့သော် ထွေ/အုပ် ဝန်ထမ်းများက ဖော်ပြရာတွင် ၎င်းတို့အနေဖြင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် ပတ်သက်ပြီး ရပ်ရွာလူထု နှင့် တိုက်ရိုက် အပြန်အလှန် ဆက်ဆံမှုနည်းသည်ဟု ဆိုပါသည်။ ထို့အပြင် တချို့ဖြေဆိုသူပြည်သူအများစုက ပြောဆိုရာတွင် ၎င်းတို့သည် ဖွံ့ဖြိုးတိုးတတ်ရေးကိစ္စရပ်များ နှင့် ပတ်သက်ပြီး ထွေ/အုပ်ဝန်ထမ်းများနှင့် ဘယ်တုန်းကမှ အပြန်အလှန်ဆက်ဆံခဲ့ ခြင်းမရှိဟု ဆိုကြသည်။ သို့သော် မြိတ်မြို့နယ် အုပ်ချုပ်ရေးမှူးအသစ်၏ ပြောကြားရာတွင် သူနှင့် သူ့ဂန်ထမ်းများသည် ပုံမှန်အားဖြင့် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်နေကြပြီး ဟုပြောကြားလာပြီး တချို့မှာ တခြားဌာနများနှင့် ပူးပေါင်း သွားလာနေပါပြီဟုဆိုပါသည်။ ထိုအချက်ကို ကြည့်ခြင်းဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူး များသည် ထွေ/အုပ် နှင့် သာမန် ပြည်သူကြား အပြန်အလှန်ဆက်ဆံရန်၊ ပူးပေါင်းပါဝင်မှုရှိရေးများပြုလုပ်ရန် သော့ချက်ကျသည့် လမ်းကြောင်းအဖြစ်တည်ရှိကြောင်း တွေ့နိုင်သည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူး များအပေါ် အလွန်အကျွံမှီခိုပါကလည်း သတင်းအချက်အလက်နှင့် ဆုံးဖြတ်ချက်ချမှတ်ရန် များ ၎င်းတို့ထံတွင် တစ်နေတတ်သည့် အန္တရာယ်ရှိပါ သည်။အဘယ်ကြောင့်ဆိုသော် ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အပေါ် မလိုက်နိုင်ခြင်း၊ သတင်း အချက်အလက် များ မရရှိခြင်း နှင့် ဆုံးဖြတ်ချက်မချမှတ်နိုင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ ယေဘူယျအားဖြင့် ရပ်ရွာလူထု ကြားမှ ဖြေဆိုသူများက ၎င်းတို့နယ်မြေတွင် မည်သည့် ဖွံ့ဖြိုးတိုးတက်ရေး ပရောဂျက်များ အကောင်အထည် ဖော်ရမည်ကို ဆုံးဖြတ်ချက် ချမှတ်ရာတွင်မှု အကန့်အသတ်နှင့်သာပါဝင်ခွင့်ရသေးကြောင်းဖြေဆိုကြသည်။၎င်းတို့က သတင်းအချက်အလက် များပိုမိုရလိုကြပြီး ရွေးချယ် လိုက်သောပရောဂျက်သည် ၎င်းတို့လိုအပ်ချက်ကို ပိုမိုထင် ဟပ်သင့်သည် ဟုဆိုကြသည်။

အချို့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ထုတ်ဖော်ပြောကြားကြသည်မှာ ရပ်ရွာလူထုကို ပါဝင်လာအောင် စုစည်း ရသည်မှာ စိန်ခေါ်မှုဖြစ်သည်ကို တွေ့ရကြောင်းဆိုပါသည်။ထိုအတူ မြို့နယ်အုပ်ချုပ်ရေး ဌာနရှိ ဂန်ထမ်းများကလည်း မြို့နယ်လူထုအနေဖြင့် သူတို့၏တာဂန်ယူ/တာဂန်ခံမှုဖြစ်သောများကို အသိစိတ်ရှိရှိ ပြုလုပ်စေခြင်းပြီး အသေးစိတ်အနေဖြင့် တာဂန်နှင့် ဉပဒေသများကို ထိရောက်စွာလိုက်နာစေခြင်ကြပါသည်။ ဖြစ်လေ့ဖြစ်ထရှိသည် မှာ အစိုးရ၏ ရန်ပုံငွေ မလုံလောက် သည့် အခါများတွင် ရပ်ရွာ ပြည်သူများက လိုငွေကို ထည့်ဝင်ကြခြင်းဖြစ်သည်။ ခြုံ၍ပြောရမည်ဆိုပါက အားလုံးပါဝင်လာစေမှုတိုးတက်လာစေမည့် စီမံချက်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်း လုပ်ငန်းစဉ်များကို မည်သို့ လုပ်ဆောင်မည်ဆိုသည်များနှင့် ပတ်သက်၍ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို ကူညီပေးမည့် လုပ်ငန်းလုပ်ဆောင်မှုပုံစံနည်းလမ်းများ၊ လေ့ကျင့်သင်တန်းပေးခြင်းများ မရှိကြောင်း သို့သော် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် မြို့နယ် အုပ်ချုပ်ရေးမှူးများထံမှအုပ်ချုပ်ရေးလမ်းညွှန်၊ လက်စွဲနှင့် ပတ်သတ်၍ လေ့ကျင့်သင်တန်းပေးခြင်းများ နှင့် တခြားအဖွဲ့အစည်းဆိုင်ရာသင်တန်းများ ပို့ချပေးပါသည်။

လူထုအခြေပြုအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများ ။ ထွေ/အုပ်သည် မှတ်ပုံတင်သည့်လုပ်ငန်းစဉ် နှင့် ခွင့်ပြုချက်တောင်းခံသည့် အခါများမှလွဲ၍ လူထုအခြေပြုအဖွဲ့အစည်းများနှင့် ဆက်ဆံရလေ့မရှိပေ။ ထားဝယ်နှင့် မြိတ်မြို့တို့မှ CSOများက ဖြေကြားရာဝယ် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲမှု နှင့် ပတ်သက်၍ အကြံပြုချက်များ ပေးရန်လမ်းကြောင်း သို့မဟုတ် နေရာမရှိသည်ကို တွေ့ရသည်ဟုဆိုသည်။ထိုနည်းတူစွာပင် ထားဂယ်နှင့်မြိတ်မြို့နယ်ရှိ ထွေ/အုပ်များ၏ ပြောကြားချက်များတွင် ၎င်းတို့သည်ပုံမှန်အားဖြင့် CSOsနှင့်တွေ့ဆုံရန်အားနည်းနေသေးကြောင်း၊ သို့သော် CSOsအနေဖြင့် ၎င်းတို့ထံသို့ ပွင့်လင်းစွာပြောဆိုဆက်သွယ် နိုင်ကြောင်း၊ ဖုန်းခေါ်ဆိုနိုင်ကြောင်းနှင့် လိုအပ်ပါက အစည်းအဝေးများပြုလုပ်/ဖိတ်ကြား နိုင်ကြောင်းပြောဆိုပါသည်။ ထိုနည်းတူပင် ထားဝယ်မြို့နယ် ထွေ/အုပ်သည် စီးပွားရေးအသင်းအဖွဲ့များနှင့် ပြောဆိုဆက်ဆံရေးလမ်းကြောင်း သို့မဟုတ် ပလက်ဖေါင်းမရှိပဲ ကုမ္ပဏီတစ်ခုချင်းစီ၏ မှတ်ပုံတင်ခြင်း၊ လိုင်စင် နှင့် အခွန်ကိစ္စရပ်များ ၊ သက်ဆိုင်သည့် လုပ်ငန်းများရှိသည့်အခါတွင်သာ အဆက်အဆံရှိသည်။

## ၁.၄ ပွင့်လင်းမြင်သာမှု

ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများ၏ ပွင့်လင်းမြင်သာမှု ။ပြီးခဲ့သော ရပ်/ ကျေး အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများ (၂၀၁၂) နှင့်ပတ်သက်သော သတင်းအချက်အလက်များတွင် မည်သူမဲပေးနိုင်သည်၊ ဘယ်တော့၊ ဘယ်နေရာတွင် မဲပေးနိုင်သည်များကို အချို့နေရာများတွင် ထိုစဉ်က လက်ရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများမှ တဆင့် ကြေငြာခြင်း၊ ကြော်ငြာသင်ပုန်း၊ လက်ကမ်းစာစောင် တို့မှတဆင့် ကြေငြာခဲ့သည်။ လုပ်ငန်းစဉ်တွင် ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးဉပဒေ ၌ ဖေါ်ပြထားချက်များကို ကွင်းဆင်းလေ့လာခဲ့သည့် ရပ်ကွက်၊ကျေးရွာတိုင်း တွင် ကျယ်ကျယ်ပြန့်ပြန့် လိုက်နာခဲ့သည်ကို တွေ့ရသည်။

ပေးထားသော အခွင့်အာဏာ၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း၊ စာချုပ်ချုပ်ဆိုခြင်းများနှင့် ယေဘူယျ လုပ်ငန်းဆောင်တာများ၏ ပွင့်လင်းမြင်သာမှု ။ ထားဝယ်နှင့် မြိတ်မြို့များမှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အများပြည်သူသို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး/ကျေးလက်/ရပ်ကွက်ရုံးများတွင် ရှိသောကြော်ငြာဆိုင်းဘုတ်နှင့် ဒေသအတွင်းသို့ သွားရောက်သည့်အချိန်များတွင် ပြောဆိုပေးပို့သည့် အခါများမှလွဲ၍ လိုလိုလားလားလုံလုံလောက်လောက် သတင်းအချက်အလက်မျှဝေခြင်းမရှိပေ။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ရပ်ရွာအတွင်း အချက်အလက် မျှဝေမှုအပေါ်ကိုသာ မှီခိုရပြီး ထိရောက်မှုရှိမရှိ မသိနိုင်ပေ။ ထားဝယ်နှင့်မြိတ်မြို့များမှ လူထု အခြေပြုအဖွဲ့များ က ပြောဆိုကြရာတွင် ထွေ/အုပ်၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်သည် ၎င်းတို့အတွက်လည်းကောင်း၊ အများပြည်သူအတွက်လည်းကောင်း ရှင်းရှင်းလင်းလင်းမရှိဟု ဆိုကြသည်။ ယေဘူယျ အားဖြင့် အဆိုပါလုပ်ငန်းစဉ်များတွင် လုံးဝပါဝင်မှုမရှိကြောင်းဆိုပါသည်။သို့သော်လည်းအုပ်ချုပ်ရေးမှူးဌာန အနေဖြင့် ဒေသအတွင်းရှိ CSOsများ၏ချည်းကပ်သည့်လမ်းကြောင်းများနှင့် သူတို့၏ ပြောဆိုဆက်ဆံရမည့်အပေါ် စိတ်မချမ်းမသာမှုများ ရှိနေပါသည်။ ၎င်းတို့ကလည်း CSOsများအနေဖြင့် တဖတ်သတ်ရပ်တည်မှုမပြုလုပ် မပြောဆိုကြရန်နှင့် အစိုးရဌာနများ၏ အချိန်နှင့် နေရာပေါ်မူတည်ပြီး ပြောင်းလဲမှုများအပေါ် အဆင်ပြေ ချောမွေ့မှုရှိအောင် ပြုလုပ်နေရခြင်းများကိုလည်း နားလည်သဘောပေါက်စေချင်သည်။ ပြည်သူများကြားတွင် ၁၀% ထက်နည်းသော အရေအတွက်က ထွေ/အုပ် ဘာလုပ်တော့မည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း သိရှိကြောင်း ဆိုကြသည်။

ဖြေဆိုသူ တစ်ဝက်နီးပါးက ၎င်းတို့သည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ကို အကျွမ်းဝင်မှုရှိကြောင်းဆိုကြသည်။နိုင်ငံသားအများစုသည် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ ကို ၎င်းတို့ရပ်ရွာတွင် ဘာတွေသုံးလိုက်သည်ဆိုသည့် သတင်းအချက်အလက်များ မသိရှိကြပေ။ ထွေ/အုပ် သို့မဟုတ် အခြားဌာနများက စီမံခန့်ခွဲနေသော လက်ရှိဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးပရောဂျက်များ၏ အခြေခံ ကျသောလုပ်ဆောင်မှုများ (အသေးစိတ်လုပ်ဆောင်မှုများ၊ အချိန်ဇယား(နှင့်)ဘတ်ဂျက် ကဲ့သို့သော အချက်အလက်များ) ကို ပြည်သူအနည်းငယ်ခန့်ကသာသိကြသည်။ ပုံမှန်အားဖြင့် သတင်းအချက်အလက်များသည့် ရပ်ရွာ/ကျေးလက်အုပ်ချုပ်ရေးမှူး များထံတွင်ရှိနေကြပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပေးခြင်းမရှိပဲ ကွက်၍ပြုလုပ်ပေးပို့ ခြင်းများသာရှိနေပါသည်။

## ၁.၅ တာဝန်ခံမှု

ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို ရွေးကောက်တင်မြှောက်ခြင်း/ရွေးချယ်ခြင်းတွင် ပြည်သူများ၏ သြဇာလွှမ်းမိုးမှု နှင့် ပြန်လည်ရုတ်သိမ်းပိုင်ခွင့် ။ကိုယ်စားလှယ်များကို ပြန်လည်ရုတ်သိမ်းပိုင်ခွင့်နှင့် ပတ်သက်ပြီး ရှင်းလင်းသော ဖော်ပြချက်များ မရှိပေ။ သို့သော် ရပ်ရွာလူထုသည် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တိုင်ကြားနိုင်သည်။ ထားဝယ်မြို့နယ် အနီးမှ လောင်းလုံမြို့နယ်တွင် အဂတိလိုက်စားသော ကျေးရွာအုပ်ချုပ်ရေးမှူးအား ရပ်ရွာလူထုကဆန္ဒပြမှု ဖြစ်ပွားခဲ့ရာ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့က ရွေးကောက်ပွဲအသစ်လုပ်ပေးခဲ့ရသည်။

လိုက်နာရမည့် ကျင့်ဝတ်များ ။ အချို့ထွေ/အုပ်ဝန်ထမ်းများက ပြည်သူ့ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်များ ဖော်ပြထားသည့် ပြည်သူ့ဝန်ထမ်းဥပဒေကို ညွှန်းဆိုကြသည်။ ထို့အပြင် ယေဘုယျဆိုရလျှင် အားကောင်းသော အထက်အောက်ထိန်းချုပ်သည့် စနစ်နှင့် အထက်အရာရှိများထံမှ ပုံမှန်ညွှန်ကြားချက်များသည် ရှိသင့်သော အမူအကျင့် နှင့် အဂတိလိုက်စားမှုကို ကာကွယ်ရန် သေချာစေသည့် နည်းလမ်းဖြစ်သည်။

စောင့်ကြည့်သည့် အလေ့အထနှင့် ပုံမှန်ရှိနေသော လွတ်လပ်သည့် စာရင်းစစ်မှုများ ။ ပရောဂျက်ကိုစောင့်ကြည့်သည့် စနစ် မှာ ရပ်ရွာအဆင့်တွင်ရော ထွေ/အုပ်အဆင့်တွင်ပါ ရှိပါသည်။ သို့သော် ထွေ/အုပ်ဝန်ထမ်း များက စောင့်ကြည့်ခြင်းကို တာဝန်ယူလုပ်ဆောင်ရန် အလုပ်များလွန်းသော်လည်း တစ်ခါတစ်ရံတော့ လုပ်ဆောင် လိုကြသည်ကို ၎င်းတို့ကိုယ်တိုင်သိရှိကြသည်။ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီသည် (ထားဝယ် တွင်သာ) မဲဆန္ဒနယ်မြေ အလိုက်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် လုပ်ဆောင်သော ပရောဂျက်များကို စောင့်ကြည့်ရာ တွင် ဦးဆောင်ကဏ္ဍမှ ပါဝင်သည်။ မြို့နယ်စာရင်းစစ်ဌာနမှ စီမံခန့်ခွဲသော ပုံမှန်စာရင်းစစ် လုပ်ဆောင်မှုလည်း ရှိပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ဆောင်မှုများ ။ ထွေ/အုပ်နှင့်အခြားဌာနဆိုင်ရာ ဝန်ထမ်းများ၏ တာဝန် ခံမှုအဆင့်သည် နိမ့်လွန်းသည်ဟု လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပြည်သူအများက မှတ်ယူထားကြသည်။ လူထု အခြေပြုအဖွဲ့များက အဂတိလိုက်စားသည့် ကြီးမားသည့်အဖြစ်အပျက်များ တွေ့ရှိထားသည့်တိုင် ထွေ/အုပ်နှင့် အခြား အစိုးရဝန်ထမ်းများက အဂတိလိုက်စားမှုသည် အဓိကကျသော ကိစ္စရပ်နှင့်ပတ်သတ်၍ ပြင်းထန်တိကျစွာ အရေးယူမည်ဖြစ်ကြောင်းသိရှိကြပါသည့် ထို့အတွက်ကြောင့်လည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင် မှုမျိုးများ မရှိကြောင်း၊ ၎င်းတို့၏ အဖွဲ့အစည်းများ တွင် အားကောင်းသော အဂတိလိုက်စားမှုဆန့်ကျင်ရေးယဉ်ကျေးမှု ရှိကြောင်းညွှန်းဆိုကြသည်။ လူထုအခြေပြုအဖွဲ့အစည်းများက ထွေ/အုပ်မှ ဦးစီးလုပ်ဆောင်သော တင်ဒါ လုပ်ငန်းစဉ်များသည် ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ မျက်နှာသာပေးများနှင့် လက်ဝါးကြီးအုပ်မှုများဖြင့် ချို့ယွင်းချက်များရှိသည်ဟု မှတ်ယူထားကြသည်။ အမှန်တကယ်တွင် အုပ်ချုပ်ရေးမှူးဌာနအနေဖြင့် တင်ဒါ ခေါ်ယူခြင်းလုပ်ငန်းစဉ်များပါဂင်ပတ်သတ်မှုမရှိပေ သို့သော် တင်ဒါခေါ်ယူခြင်းလုပ်ငန်းစဉ်အတွက် တခြားသော အစိုးရဌာနများနှင့်ကော်မတီများကို ကူညီပံ့ပိုးပေးခြင်းများသာဖြစ်သည်။ တနေရာထဲတွင် ဝန်ဆောင်မှု အားလုံးပေးသည့် One Stop Shop ရုံးများဖွင့်ပေးခြင်းသည် ဝန်ဆောင်မှုများအတွက် ကြားလူက ယူသော အခကြေးငွေပိုနည်းသွားနိုင်မည်ဟု မျှော်လင့်ရသည်။ ထိုသို့သော ကောင်းမွန်သည့် သက်ရောက် မှု အားကောင်း လာစေရန် ထို ရုံးများသည် ပွင့်လင်းမြင်သာမှုအားကောင်းရန် လိုအပ်ပြီး ပြည်သူက ထိုရုံးများအကြောင်း ပိုသိလာ အောင် လုပ်ဆောင်ပေးရပါမည်။

အငြင်းပွားမှု ဖြေရှင်းပေးသည့်စနစ် ။ ထွေ/အုပ်ရုံးဒေါ်ငှမ့်မှုဆိုရပါက တိုင်ကြားမှုများကို အလေးအနက် ထားပါသည်။ ယနေ့အချိန်တွင် ထွေ/အုပ်သည် တိုင်စာများပိုမိုလက်ခံရရှိလာသည်။ အကြောင်းမှာ စာဒက တက်ပိုင်ခွင့်ကို အသုံးပြုသည့် ပြည်သူများပိုများလာသောကြောင့်ဖြစ်သည်။ အငြင်းပွားမှုအများစုမှာ မြေယာ သိမ်းဆည်းမှုများကို စာဒကတက်သည့်ဖက်သို့ ဦးတည်ပါသည်။ တိုင်ကြားမှုနှင့်ပတ်သက်ပြီး ဘယ်လမ်းကြောင်းမှ တိုင်ကြားပါဟူသော ညွှန်ပြထားမှုမရှိပေ။ တစ်ခါတစ်ရံ ထွေ/အုပ်သည် တိုင်ကြားမှုကို စုံစမ်းစစ်ဆေးရန် ကော်မတီဖွဲ့သည့်အခါ ရှိပြီး တစ်ခါတစ်ရံ မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ၎င်း၏ ဝန်ထမ်းက တိုက်ရိုက်ကိုင်တွယ်သည်လည်း ရှိသည်။ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးပရောဂျက် နှင့်ပတ်သက်ပြီး မြို့နယ် အဆင့်သို့တိုင်ကြားဘူးသည်ဟု ဖြေဆိုသည့် ပြည်သူများ မရှိပေ။

၂

# အခန်း ၂။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ၂.၁ တရားဝင်ဖွဲ့စည်းထားပုံ၊ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းဆောင်တာများ

မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြနှင့်ဆိုင်သောဌာနများ ဖြစ်ကာ အရေးပါသော မြူနီစပါယ်ဆိုင်ရာ လူမှုရေးဝန်ဆောင်မှုများ ပေးရန်နှင့်ဒေသဆိုင်ရာ စီးပွားရေးစီမံအုပ်ချုပ်မှုကို ကြီးကြပ်ရန်တာဝန်ရှိသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အဖွဲ့အစည်းနှစ်ခုပါဝင်ရာ မြို့နယ်စည်ပင်သာယာရေးရုံး(TDAO) နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ (TDAC) တို့ဖြစ်သည်။ မြို့နယ်စည်ပင်ရုံးကို စည်ပင်သာယာရေးနှင့်ဆိုင်သော ပညာရှင်ပြည်သူ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီတွင်မူ များသောအားဖြင့် အဖွဲ့ဝင် ၇ ဦးပါဝင်ရာ ရွေးချယ်တင်မြှောက်ထားသော ရပ်ရွာကိုယ်စားလှယ် ၄ ဦးပါဝင်သည်။ မြို့နယ်စည်ပင်သာယာအဖွဲ့ များသည်အသစ် ထွက်ပေါ်လာသော ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ ၏ အခွင့်အာဏာအောက်တွင် အပြည့်အဝရှိနေရာ ထိုအစိုးရအဖွဲ့များသည် လောလောဆယ်မြန်မာနိုင်ငံ၌ အာဏာခွဲဝေပေးမှုအမြင့်ဆုံး အစိုးရ အဖွဲ့များဖြစ်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရတစ်ခုစီတွင် စည်ပင်သာယာရေးဥပဒေ သီးခြားစီရှိကြ သော်လည်း ဥပဒေများမှာ များသော အားဖြင့်ဆင်တူနေကြသည်။ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ရုံး၏ အရွယ်အစား နှင့် ဝန်ထမ်းမည်မျှထားရမည်ကို မြို့နယ်၏ အခွန်အခကောက်ခံ ရရှိသောဝင်ငွေကိုကြည့်၍ အဆုံးအဖြတ်ပေးပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု စလုံးရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီများတွင် အဖွဲ့ဝင် ၇ ဦးစီပါဝင်ကာ အများပြည်သူ ထံမှ ၄ ဦးနှင့် အစိုးရမှ ၃ ဦးဖြစ်ပါသည်။ စည်ပင်ရုံးများ၏ဂန်ထမ်းများသည် ၄၁ ချက်သောပင်မတာဝန်နှင့် ဝတ္တရားများက အာရုံပြုသည်မှာ လူမှုရေးနှင့်ဆိုင်သော ဝန်ဆောင်မှုများဖြည့်စီးပေးရေး နှင့် ရေပေးဝေခြင်း၊ ရေသန့်စင်ခြင်း၊ အမှိုက်ပစ်ခြင်း၊ လမ်းမီးပေးခြင်း၊ မြို့ပြလမ်းများ နှင့်တံတားများ၊ မြို့စည်ပင်သာယာလှပရေး၊ အများပြည်သူပန်းခြံများထည်ဆောက်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ ကျူးကျော်အဆောက်အဦးများ ဖျက်သိမ်းခြင်းဈေးများ၊သားသတ်ရုံများ၊စီးပွားရေးလုပ်ငန်းအသေးစားများ၊ မွေးမြူရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး ကဲ့သို့သော မြို့ပြ ဒေသမှ ဒေသဆိုင်ရာ စီးပွားရေး စီမံခန့်ခွဲမှုများဖြစ်ပါသည်။ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးများ သည် ပြည်ထောင်စုအစိုးရ သို့မဟုတ် ၎င်းတို့နှင့်သက်ဆိုင်သော ပြည်နယ်/တိုင်းဒေသကြီးအစိုးရ များထံမှ ရန်ပုံငွေရယူခြင်းမရှိပေ။၎င်းတို့ရရှိသော အဆောက်အဦးအခွန် နှင့်မြေခွန် ၊ဂန်ဆောင်ခမှရရှိသောငွေများ၊ လုပ်ငန်းလိုင်စင်ကြေးများ၊ အရပ်ရပ်သောအခွင့်အရေးလိုင်စင်များလေလံရောင်းချခြင်းမှ ရငွေများ စသည်ဖြင့်ဂင်ငွေရှာခြင်းကာ အမှီပြုရပါသည်။ မြို့နယ်စည် ပင်သာယာရေးကော်မတီများသည် မြို့နယ်စည်ပင်ရုံးများ၏ လမ်းကြောင်းနှင့် လုပ်ငန်းဆောင်တာများ အပေါ် ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အခွင့်အာဏာရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ်စီမံကိန်း ရေးဆွဲခြင်း နှင့် ဘတ်ဂျက်ရေးဆွဲခြင်းများတွင် ဦးစားပေးများချမှတ်ရာ၌ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

## ၂.၂ ပေးထားသော အခွင့်အာဏာအအပေါ် အပြည့်အဝလုပ်ဆောင်နိုင်မှု

ဖွဲ့စည်းထားပုံ ။ ထားဝယ်နှင့် မြိတ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ဌာနငါးခုပါဝင်ပြီး အုပ်ချုပ်ရေးဂန်ထမ်းရေးရာ စီမံခန့်ခွဲရေးဌာန၊ သန့်ရှင်းရေးဌာန၊ အခွန်ကောက်ခံခြင်း၊စည်းမျဉ်း၊ ဥပဒေများလိုက်နာခြင်းရှိမရှိစစ်ဆေးခြင်းဌာန၊ ငွေကြေးစီမံခန့်ခွဲခြင်းဌာနနှင့် မြို့မြအင်ဂျင်နီယာဌာန စသည့်ဖြင့်ဖွဲ့စည်းထားပါသည်။ ထားဝယ်နှင့်မြိတ်မြို့တို့မှ မြို့နယ်စည်ပင်သာယာကော်မတီများသည် သတ်မှတ်ထားသော ဖွဲ့စည်းပုံအတိုင်းလိုက်နာဖွဲ့စည်းကြသည်။ အများပြည်သူဖက်မှ ကိုယ်စားလှယ်များသည်ယေဘူယျအားဖြင့်ကောင်းစွာပညာတတ်ကြပြီးစီးပွားရေးကဏ္ဍတွင် လက်ရှိလုပ်ရှားနေသူ များဖြစ်သည်။ မြို့နယ်စည်ပင်ရုံးနှင့် မြို့နယ်စည်ပင်သာယာကော်မတီ ကြားဆက်ဆံရေးနှင့်ပတ်သက်၍ အဖွဲ့နှစ် ခုကြား အလုပ်လုပ်နိုင်မည့် နည်းလမ်းရှာဖွေနေစဉ်ကနဦးစိန်ခေါ်မှုအချို့ကြုံရပြီးနောက် ပူးပေါင်းမှုရှိကာ လေးစားမှု ရှိသည့် ပုံရသည်။

မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ(EO) သည် မြို့နယ်စည်ပင်သာယာကော်မတီတွင် ဥက္ကဋ္ဌ (အများပြည်သူ ရွေးချယ်သော ကိုယ်စားလှယ်) နှင့်အတူ ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့်ဆုံးဖြတ်ချက်ချလိုက်သည့် လုပ်ငန်းများ ကိုအကောင်အထည်ဖော်ဆောင်ရွက် ပေးရသော နေရာတွင် အဓိက အခန်းကဏ္ဍတွင် ပါဝင်သည်။ အခြားပြည်သူများ ရွေးချယ်ပေးလိုက်သည့် အဖွဲ့ဝင်များသည်လည်း ပြောရေးဆိုခွင့် ရှိကြသည်။

ဝန်ဆောင်မှုများ ။ ထားဝယ်နှင့်မြိတ်မြို့များမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် သတ်မှတ်ထားသည့် လုပ်ငန်းဆောင်တာ ၄၁မျိုးစလုံး အတွက် တာဝန်ရှိပါသည်။ သို့သော် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဒေသအတွင်း အဓိကလိုအပ်ချက်ဖြစ်သော သန့်ရှင်းရေးနှင့်သောက်သုံးရေရရှိမှုများ၊ လမ်းနှင့်တံတားများ၊ ဒေသအလိုက် စိမ်းလန်းစိုပြေရေး လုပ်ငန်းများ၊ ဈေးများရှိဆိုင်ခန်းလိုင်စင်များကိုကြီးကြပ်ခြင်း နှင့် တခြားလိုင်စင်များအပေါ်သာတွင် အာရုံပြုလုပ်ဆောင်နေသည်ဟု ထင်ရသော်လည်း ဒေသခံလူထု၏ တင်ပြတောင်းဆိုမှု များရှိလာပါက ဦးစားပေးအဆင့် အနေဖြင့် စီစစ်လုပ်ဆောင် ပေးလျှက်ရှိပါသည်။ ဝန်ထမ်းများက ထုတ်ဖော်ပြောကြားရာတွင် ရန်ပုံငွေမလုံလောက် မှုကြောင့် ဝန်ဆောင်မှုအားလုံးကို မဖြည့်ဆီးပေးနိုင်ကြောင်း၊ အများပြည်သူကို ဝန်ဆောင်မှုပေးဝေရာ တွင် ပြည်သူများ၏ မျှော်လင့်များပြည့်မီစေရေး ကြိုးပမ်း ဆောင်ရွက် နေကြောင်းဆိုကြသည်။ ဥပမာအားဖြင့် အမှိုက်သိမ်းခြင်း နှင့် သောက်သုံးရေပေးဝေခြင်း များဖြစ် ကြောင်းဆိုကြသည်။ သို့ပါသော်ကြောင့် လိုအပ်နေသောကွက်လပ်ကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ နှင့်ပူးပေါင်းဆောင်ရွက် လုပ်ဆောင် ပေးလျှက်ရှိပါသည်။

တွေ့ဆုံမေးမြန်းခြင်းများတွင် ပြည်သူများက လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း မြူနီစပါယ်အခြေခံ အဆောက်အအုံ တွင် တိုးတက်မှု အချို့ရှိခဲ့သည်ကို အသိအမှတ်ပြုကြသည်။ သို့သော် မြိတ်မြို့ရှိ လူထုအခြေပြုအဖွဲ့များက မြူနီစပါယ် ဝန်ဆောင်မှု အဆင့်ကို ကျေနပ်မှုမရှိကြောင်း အလေးအနက်ပြောကြသည်။ ရေအသုံးပြုမှုစရိတ်ကြီးမြင့်မှု၊ စက်ကိရိယာ များမရှိခြင်း၊ ရန်ပုံငွေ လိုအပ်ချက်အရ ရပ်ရွာလူထုက တစ်စိတ်တစ်ပိုင်းထည့်ဝင်ရသော ပရောဂျက်များ အတွက် ရန်ပုံငွေလုံလောက် အောင်ပေးရန် တို့ဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးဌာနသည်လည်း လုပ်ငန်းလုပ်ဆောင် မှုများတွင် ရရှိသောငွေကြေး အကန့်အသတ်ဖြင့် လုပ်ဆောင်နေရခြင်းကြောင့် ကောင်းမွန်သောအရည်အသွေးများ ရရှိရန် ခက်ခဲပေသည်။

ထားဝယ်နှင့်မြိတ်မြို့များရှိ မြို့ပေါ်တွင်နေထိုင်သော ဖြေဆိုသူများကဝန်ဆောင်မှုများ (မြို့နယ်စည်ပင်သာယာအဖွဲ့ များက ပေးသောဝန်ဆောင်မှုနှင့် ပုဂ္ဂလိကအဖွဲ့များကပေးသောဝန်ဆောင်မှုများကိုမူ ခွဲခြားမပြောပါ) ၏ အရည်အသွေး ကိုခြုံငုံ၍ အဆင့်သတ်မှတ်ရာတွင် လုံလောက်ခြင်းမရှိသေးကြောင်း သတ်မှတ်ကြပြီး ရေပေးဝေမှုကိုမူ အမြင့်ဆုံးသတ်မှတ်ကြ သည် (ရေပေးဝေမှုအတော်များများကို ပုဂ္ဂလိက က လုပ်ဆောင်သည်)။ ထားဝယ်မြို့ပေါ်တွင် နေထိုင်သူများမှ မြို့နယ်စည်ပင် အဖွဲ့အနေဖြင့်အဓိကပလက်ဖောင်းများ အဆင့်မြှင့်တင်ရန် လိုအပ်နေခြင်း ဟုဆိုသည်။ မြိတ်မြို့တွင်မူ အဓိကအားဖြင့် ရေမြောင်းများနှင့် သက်ဆိုင်ပါသည်။ မြိတ်မြို့တွင် ဖြေဆိုသူ အများစုက အလေးအနက် ပြောကြသည် မှာ လမ်းနှင့်တံတား များသည် ၂၀၁၂ ခုနှစ်ကတည်းက တိုးတက် လာသည် ဟုဆိုသည်။

စွန့်ပစ်အမှိုက်သိမ်းမှု အားနည်းခြင်း သို့မဟုတ် အကြိမ်နည်းခြင်း တို့ကြောင့် စစ်တမ်းကောက်ယူခဲ့ရာ စွန့်ပစ်အမှိုက်ကို စီမံခန့်ခွဲမှုသည် မြို့ပြဝန်ဆောင်မှုများကြားတွင် ကျေနပ်အားရမှုရရှိရန်လိုအပ်နေသည်ဟု သတ်မှတ်နိုင်သည်။ အထူးသဖြင့် စွန့်ပစ်အမှိုက်များစီမံခန့်ခွဲမှုဖြစ်ပြီး ၎င်းသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အခွင့်အာဏာ အောက်တွင်ရှိသော်လည်း ထိရောက်စွာ လုပ်ဆောင်နိုင်ရန်နှင့် တိုးတက်ကောင်းမွန်မှုများရှိလာနိုင်ရန် ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှု အဆင့်တစ်ခုထိရှိရန် လည်း လိုအပ်ပါသည်။

ဝင်ငွေအရင်းအမြစ်များ ။ မြို့နယ်စည်ပင်သာယာအဖွဲ့သည် အခွန်ကောက်ခြင်းနှင့် မိမိရပ်ရွာအတွင်း အခကြေးငွေ ကောက်ခံခြင်းများကို အခြေခံ၍ တည်မှီရပါသည်။ ပြည်ထောင်စုအဆင့်မှ ရန်ပုံငွေလွှဲပြောင်းရယူခြင်း မရှိပါ။ ဘတ်ဂျက် နှစ်ကုန်သည့်အခါ ကျန်ရှိသော ငွေများကို ဒေသဆိုင်ရာအစိုးရသို့ လွှဲပြောင်းပေးရသည်။ မြို့နယ်စည်ပင်သာယာ အဖွဲ့များသည် အမှန်တကယ် ဘတ်ဂျက်နှစ်အတွင်းတွင်သာ ဝင်ငွေရှာဖွေခြင်းအပေါ် လုံးဝ မှီခိုနေရပြီး ကြိုတင်ငွေလွှဲပြောင်းပေးမှုများကို လက်ခံရခြင်းမရှိသောကြောင့် ပရောဂျက်ရေးဆွဲခြင်း၊ ဝင်ငွေကို သုံးစွဲခြင်းများ ကို တစ်နှစ်လုံး ပိုမိုကြည့်ရှု စောင့်ရှောက်မှု ပေးသင့်သည်။ အထူးသဖြင့် ဘတ်ဂျက်နှစ်ကုန်ခါနီးများတွင် ဖြစ်သည်။

အခွန်များကို နည်းလမ်းအမျိုးမျိုးဖြင့် ကောက်ခံနိုင်ရာ အသုံးပြုခ အခကြေးငွေ၊ အထွေထွေလိုင်စင်ကြေး၊ လုပ်ငန်းလေလံ လိုင်စင်ကြေးတို့ဖြစ်ပြီး အများစုမှာ ဒေသခံစီးပွားရေးလုပ်ငန်းများမှ ဖြစ်သည်။ မြိတ်မြို့တွင် နှစ်စဉ်ဝင်ငွေ၏ ၄၀% မှာ သားသတ်လုပ်ငန်းလိုင်စင်လေလံပစ်ခြင်းအပါအဝင် တခြားလုပ်ငန်းလိုင်စင်(ဈေးဆိုင်ခန်း၊ လမ်းနဘေးဈေးသည်များ နှင့် ဘီးခွန်ကောက်ခြင်းများ စသည့်)တို့ကို လေလံပစ်ခြင်းမှရရှိပြီး ထားဝယ်မြို့တွင် ဝင်ငွေ၏ အဓိကအရင်းအမြစ်များမှာ လုပ်ငန်းအရပ်ရပ်လုပ်ကိုင်ခွင့်(ဈေးဆိုင်ခန်း၊လမ်းနဘေးဈေးဆိုင်၊ဘီးခွန်၊ စက်ပစ္စည်းအခွန် စသည်တို့)လိုင်စင် မှ ၄၀%ခန့်ရရှိပြီး ၊ စားသောက်ဆိုင်နှင့်အိမ်ခွန်များ မလည်းရရှိပါသည်။ မြို့နယ်စည်ပင်သာယာအဖွဲ့ဝန်ထမ်းများက ထုတ်ဖော်ပြော ကြားရာတွင် အခွန်နှင့် ပတ်သက်၍ လိုက်နာမှုအဆင့် နိမ့်ကြောင်း၊(၃၀%နှုန်းသောအခွန်ဆောင်သူများသာ မြို့နယ်စည်ပင်သာယာရေးရုံးသို့ အခွန်လာရောက် ပေးသွင်းကြပြီး ကျန်သည်များကို မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများဆိုင်အထိသွားရောက်ကောက်ယူ ရခြင်းများ ပြုလုပ်ရပါသည်။ မြို့နယ်စည်ပင်သာယာရေးဌာန ့အနေဖြင့် အခွန်ကောက်ခံရာ၌ ရှုန်းကန် ကြရကြောင်း၊ ထိရောက်စွာ ဆောင်ရွက်ရန်ဝန်ထမ်းလုံလောက်မှုမရှိခြင်းနှင့် ပြဌာန်းချက်များပါ နှုန်းထားအတိုင်း အမှန်တကယ် အခွန် ကောက်ယူခြင်းမဟုတ်ဘဲ အခွန်ထမ်း ပြည်သူများ အခွန်ထမ်းဆောင်ရာတွင် ဂန်ထုတ်ဂန်ပိုးမဖြစ်စေရေး အတွက်ဆောင်ရွက်ခြင်းဖြစ်ကြောင်းဆိုကြသည်။ ထားဂယ်မြို့တွင် ရွှေပြောင်းအလုပ်သမားများပြားရှိပြီး မြူနီစီပယ် ဂန်ဆောင်မှုများ လက်ခံပေးရန် ပူးပေါင်းပါဂင်မှုမရှိပေ။ ထို့ကြောင့် ၎င်းတို့ဖက်ကပေးရသည့် အခွန်နည်း နေသည့်အတွက် ဝန်ဆောင်မှုများအတွက် လိုအပ်သောငွေကို ရှာဖွေရန် မလွယ်သည်ကို တွေ့ရကြောင်း ဆိုပါသည်။ဥပမာအားဖြင့် မြိတ်မြို့နယ်တွင် စည်ပင်သာယာရေး အဖွဲ့သည် အခွန်ကောက်ယူမှုကို မြို့နေလူထု တစ်ဦးလျှင်တလ ၁၀၀၀ ကျပ်ဂန်းကျင်ခန့်သာကျသင်ပါသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပြည်သူများသည် မျှော်လင့်ချက် မြင့်မြင့်ထားရှိကြပြီး အမှန်တကယ်တွင် ဂန်ဆောင်မှုများရရှိနိုင်ရန် အခွန်ပေးသွင်းခြင်းကို မလုပ်ချင်ကြပေ။ စည်ပင်သာယာအဖွဲ့များသို့ အခွင့်အာဏာခွဲပေးလာမှုကြောင့် မြို့နယ် စည်ပင်သာယာအဖွဲ့များသည် ရန်ပုံငွေ အကန့်အသတ်ရှိသော်လည်း ရပ်ရွာလူထု၏ လိုအပ်ချက်များကို တုန့်ပြန် ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန် လာသည်။ ပြည်သူများနှင့် CSO များကြားတွင် မြို့နယ်စည်ပင်သာယာအဖွဲ့ များ၏ ခွဲဝေပေးထားသော လုပ်ငန်းကိုမည်သို့ အသုံးပြုနေကြသည် ဆိုသည့် မေးခွန်းကို ဖြေကြားကြရာ အနုတ်လက္ခဏာ ဆောင်သော သဘောထားများရှိနေပြီး ခွဲဝေပေးသော လုပ်ငန်းအပေါ် ပျှမ်းမျှ အမှတ် ၁.၉ (မလုံလောက်) သာပေး ကြသည်။

စီမံကိန်းရေးဆွဲခြင်း ။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ကတင်ပြ လာသော ရပ်ရွာလူထု၏အဆိုပြုချက်များကို စောင့်ကြည့်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်း ရေးဆွဲရာတွင် မရှိမဖြစ်ကဏ္ဍမှ ပါဝင်သည်။ သို့သော် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများထံသို့ အဆိုပြုလွှာတင်သွင်းရန်အတွက် တင်သွင်းပုံစံလျှောက်လွှာပေးထားခြင်း၊ ငွေကြေးမည်မျှအသုံးပြုခွင့်ရရှိနိုင်သည်ဟုအသိပေးထားခြင်း၊ လမ်းဖောက်လုပ်ရာတွင် ဒေသခံများမည်ကဲ့သို့ပူးပေါင်းပါဂင်မည် ဆိုသည်ကို ဖော်ပြရေးသားရန် ပြောဆိုထားခြင်းများမရှိပေ။ ရပ်ကွက်လမ်းဖေါက်လုပ်ခြင်းကိစ္စမျိုးတွင် ရပ်ရွာလူထုက မြို့နယ်စည်ပင်သာယာအဖွဲ့ နှင့်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းများလည်းရှိပါသည်။ မြိတ်မြို့တွင် ဒေသခံ ထင်ရှားသော ကုမ္ပဏီများသည် မြို့နယ်စည်ပင်သာယာအဖွဲ့ နှင့် ပူးပေါင်း၍ လမ်းတိုးတက်အောင် တာဝန် ယူလုပ်ဆောင်ကြရာ ကုန်ကျငွေအများစု ကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ က အကုန်အကျခံကြသည်။ တွေ့ဆုံမေးမြန်းခဲ့သော မြို့နယ် စည်ပင်ရုံးဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ အားလုံးက အလေးအနက်ထား ပြောကြားကြရာ တွင် ဝန်ဆောင်မှုများပေးရန် နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖေါ်ရန် ဘတ်ဂျက် လုံလောက်မှုမရှိသော်လည်း ဂန်ဆောင်မှုများ အတွက်အကောင်းဆုံးကြိုးစားလုပ်ဆောင်နေသည်ဟုဆိုကြ သည်။

ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေတွင်ပါဝင်ခြင်း ။ ယခင်အခါများက မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ သည် ဆင်းရဲမွဲတေမှုလျော့ချရေးရန်ပုံငွေနှင့် လွှတ်တော်မှရရှိသောဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ တို့ကဲ့သို့သော ဖွံ့ဖြိုး တိုးတက်ရေး ရန်ပုံငွေများတွင်လည်းပါဝင်ကူညီပတ်သက်ခဲ့ပြီး ယခုအခါ တွင်ထွေ/အုပ်သည် ၎င်းရန်ပုံငွေ နှင့်ပတ်သတ်၍ တွေ့ဆုံစေ့စပ် ပေးခြင်းတာဂန်ကိုယူထားပြီး ထွေ/အုပ်က တောင်းဆိုပါက မြို့နယ်စည်ပင်သာယာရေး အဖွဲ့အနေဖြင့် နည်းပညာနှင့်ပတ်သက်သော အကြံဉာဏ်များ(အင်ဂျင်နီယာ၊ စက်ပစ္စည်းများ)ပေးသည်။ အဆိုပါ ရန်ပုံငွေ အများစုကို ကျေးရွာ များသို့သာ ခွဲဝေပေးခြင်းကြောင့် မြို့နယ်စည်ပင်သာယာအဖွဲ့/ကော်မတီများ၏ ပါဝင်ပတ်သက်မှုမှာ အကန့်အသတ် နှင့်သာ ရှိပါသည်။

ဖွံ့ဖြိုးတိုးတက်ရေးပရောဂျက်များကို အကောင်အထည်ဖော်ခြင်း ။ မြို့နယ်စည်ပင်အဖွဲ့များသည် များသော အားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးပရောဂျက်များ ကို အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကုမ္ပဏီများကို ငှားရမ်း လုပ်ကိုင်ခြင်း မပြုပဲ ကိုယ်တိုင်လုပ်ကိုင်လေ့ရှိသည်။ ၎င်းတို့သည် နည်းပညာကိစ္စများအတွက် တာဝန်လုံးဝရှိပြီး လိုအပ်သော စက်ယန္တရားများရှိရသည်၊ ဝယ်ရသည်။ နေ့စားလုပ်သားများကိုသာ ငှားရမ်းလေ့ရှိသည်။ ဒေသခံ ပြည်သူများ ကလည်း အထက်တွင်ဆိုခဲ့သော ပူးပေါင်းပါဝင်မှုအကူအညီများပေးကြသည်။ ထိုသို့သော အကောင်အထည်ဖော်ခြင်း များသည် တာဝန်ချထားခြင်းခံရသော အင်ဂျင်နီယာမှတာဝန်ယူပြီး မြို့နယ် အမှုဆောင်အရာရှိမှ တာဝန်ခံရပါသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် လိုင်စင်အတွက် လေလံ ခေါ်ယူရေးတွင် တာဝန်ရှိသည်။ အခွင်းအရေးလိုင်စင်များကို လေလံတင်ရောင်းချရာတွင် နိုင်ငံသား စီစစ်ရေး ကဒ်ပြားလက်မှတ် ကိုင်ဆောင်သူ၊ လေလံစည်းကမ်းနှင့်ညီညစ်သူ မြန်မာနိုင်ငံသား တစ်ဦးချင်းအလိုက် လေလံပစ်၍ ရောင်းချပါသည်။

## ၂.၃ နိုင်ငံသားများပါဝင်မှု

ကိုယ်စားပြုပါဝင်မှု ။ ၂၀၁၃ ခုနှစ်က ထုတ်ပြန်သော သမ္မတရုံးအမိန့်အမှတ် ၂၇ တွင် မြို့နယ် စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များကို မည်သို့ရွေးချယ်တင်မြှောက်ရမည်ကို အသေးစိတ်ဖော်ပြမထားပေ။ မြို့နယ်စည်ပင်သာယာ ကော်မတီ၏ ပြည်သူဖက်မှ အဖွဲ့ဝင်လေးဦးကို ရွေးချယ်/ရွေးကောက်တင်မြှောက်သည့် လုပ်ငန်းစဉ်မှာ အမျိုးမျိုး ရှိပါသည်။ နည်းဥပဒေအရ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွယ်(သို့မဟုတ်) ကျေးရွာတစ်ခုစီအတွက် မြို့မိမြို့ဖ(ကိုယ်စားပြုသူ) တစ်ဦးမှ အများဆုံး(၃)ဦးအထိသတ်မှတ်နိုင်ပြီး ထားဝယ်နှင့်မြိတ်မြို့နယ် နှစ်ခုစလုံးတွင် ရပ်ရွာလူထုမှ ရပ်ရွာကိုယ်စားပြုနှင့် ရပ်မိရပ်ဖကိုယ်စားပြုသူဟူ၍ ရပ်ကွက်တိုင်း၏နှစ်ဦးစီတင်သွင်းကြပါသည်။ တင်သွင်းခံရသူများ အားလုံးတွေ့ဆုံကြပြီး ၄င်းတို့ထဲမှ မြို့နယ်စည်ပင်သာယာရေးဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဂင်အဖြစ် ရွေးချယ်တင်မြှောက်ကြပါသည်။ သို့သော် အနည်းငယ်သော ဒေသခံများသာ ထိုကဲ့သို့သော ရွေးချယ်မှုအစီအစဉ်ကိုသိရှိကြပါသည်။

ပြည်သူများ တိုက်ရိုက်ပါဝင်မှု ။ မြို့နယ်စည်ပင်သာယာရေးဌာန နှင့် စည်ပင်သာယာရေးကော်မတီ တို့၏ ရှင်းပြချက်များ အရသူတို့သည် ဒေသဆိုင်ရာ ပရောဂျက်များနှင့် စီမံကိန်းငွေနှင့်ပတ်သတ်သည့်ကိစ္စများအတွက် ရပ်ရွာလူထုထံမှ ပုံမှန် တိုင်ပင်အကြံဉာဏ် ယူမှုများမှာ အရေးပေါ်၊ အလွတ်သဘော ဖြစ်ပြီး များသောအားဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လုပ်ဆောင်ကြသည်။ သို့သော် ဒေသခံလူထုပူးပေါင်းပါဝင်မှု အားနည်းနေသေးကြောင်း။ မြို့နယ်စည်ပင်သာယာအဖွဲ့များသို့ တင်ရမည့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ပရောဂျက်များအတွက် အဆိုပြုချက် ရေးသားသည့်အဆင့်တွင် ထားဝယ်နှင့် မြိတ်မြို့များမှ ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှ တာဂန်ယူလုပ်ဆောင်ကြသည်ဟုဆိုပါသည်။ ရွေးချယ်သည့်အဆင့် ရောက်သည့် အခါမှသာ မြို့နယ်စည်ပင်သာယာ ကော်မတီသည် ရပ်ရွာထဲသို့ ကွင်းဆင်းပြီး လူထုနှင့် ပရောဂျက်အစီအစဉ်များကို ဆွေးနွေးကြသည်။အဓိကအားဖြင့် ထိုဆွေးနွေးပွဲများတွင် ရပ်ရွာအုပ်ချုပ်ရေးမှူးအဖွဲ့ဂင်များနှင့် ရပ်မိရပ်ဖများပါဂင်ကြသော်လည်း လူထုအတွင်းသို့ သတင်းပြန်လည်ပေးပို့မှုအားနည်းကြပါသည်။ ထို့အတွက်ကြောင့်ရလဒ်မှာ တွေ့ဆုံ မေးမြန်းခဲ့သည့် ထားဝယ်မြို့ပေါ်မှ ပြည်သူများအနက် အနည်းငယ်ကသာ မြို့နယ်စည်ပင်သာယာအဖွဲ့ နှင့် ဆက်ဆံဘူးကြောင်း(သို့မဟုတ်) အစည်းအဝေးသို့ ဖိတ်ကြားခံရကြောင်းဖြေကြ သည်။ ပရောဂျက်အကောင်အထည် ဖော်သည့်အဆင့်တွင် ရပ်ရွာပြည်သူများက ရန်ပုံငွေလှူဒါန်းရာနှင့် လုပ်အားပေးရာတွင် ပါဝင်ကြရလေ့ရှိသည်။ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အကြီးတန်းဝန်ထမ်းများက ပြောကြားရာတွင် ၎င်းတို့အနေဖြင့် အများပြည်သူများနှင့် ချိတ်ဆက်ဆက်ဆံရန်နှင့် အဆိုပြုမှုများကို ကြိုဆိုကြောင်း၊ အားကောင်းသော ပြည်သူများ၏ ပါဝင်မှုမရှိပါက ရပ်ရွာ အတွက်ဝန်ဆောင်မှုများ တိုးတက်မှုမရှိနိုင်ပဲ အထူးသဖြင့် စွန့်ပစ် အမှိုက်များ စီမံခန့်ခွဲမှုမျိုးတွင် ဖြစ်ကြောင်းဆိုပါသည်။ သို့သော် ထိုသို့ဖြစ်ပေါ်လာအောင် ဖော်ဆောင်ပေးနိုင်မည့် ပုံမှန်ဖွဲ့စည်း တည်ဆောက်ထားပုံ နှင့် အခန်းကဏ္ဍမရှိပေ။ ၎င်းတို့က မီးမောင်းထိုးပြရာတွင် မကြာသေးမီနှစ်များအတွင်း မြို့နယ် စည်ပင် သာယာရေးကော်မတီတွင် အများပြည်သူ ကိုယ်စားလှယ်များ ပါဝင်လာပြီးနောက် ရပ်ရွာအတွင်းရှိ လမ်းများ တည်ဆောက်ရာတွင် ပြည်သူများတိုး၍ ပါဝင်လာသည် ဟုဆိုပါသည်။ သို့သော် ပြည်သူများ၊ CSOများ နှင့် ဒေသခံနိုင်ငံရေးပါတီများက ညွှန်းဆိုကြရာတွင် ၎င်းတို့ အနေဖြင့် တိုးတက်မှုရှိရန် များစွာလိုအပ်နေသေး သည်ဟု ခံစားရကြောင်းဆိုကြသည်။

လူထုအခြေပြုအဖွဲ့အစည်းများနှင့် စီးပွားရေးအသင်းအဖွဲ့များ။ ထားဝယ်နှင့်မြိတ်မြို့များမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများ၊ အထူးသဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများသည် CSOများနှင့် အရေးပေါ် အပြန်အလှန် ဆက်ဆံရေး အချို့ရှိသည်။ သို့သော် ပုံမှန်ဆက်သွယ်ဖလှယ်မှု သို့မဟုတ် ပလက်ဖေါင်းမရှိပေ။ မြိတ်မြို့တွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့သည် ဒေသခံလူထုအပြင်စီးပွားရေးတွင်ဦးဆောင်နေသော ပုဂ္ဂိုလ်များ ပါသော အုပ်စု နှင့် ရင်းနှီးပြီး ထိုအုပ်စုမှ အချို့သည် မြို့နယ် စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များဖြစ်ရာ ပရောဂျက် အလိုက် ညှိနှိုင်းမှုများ ရှိပါသည်။ (ဥပမာ-မြိတ်မြို့ ကမ်းနားလမ်းတလျှောက်တွင် ပရဟိတလူငယ်များ ဦးဆောင်သောအဖွဲ့သည် မြို့ခံကုမ္ပဏီများ၊ ဒေသခံလူထုပူးပေါင်း ပါဝင်၍ အမှိုက်ပုံးထားရှိခြင်းလှုပ်ရှားမှုများရှိကြောင်းကိုပြောဆိုပါသည်။) ခြုံငုံ၍ကြည့်ပါက CSOများသည် မြို့နယ် စည်ပင်သာယာရေး အဖွဲ့များ ထံမှ သတင်းအချက်အလက်များ ပိုမိုမျှဝေသည်ကို ပိုနှစ်သက်ပါသည်။ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲရေး လုပ်ငန်းစဉ်များတွင် ပြည်သူများ ပိုမိုပါဝင်၍ ထည့်ဝင်မှုပေးခြင်းနှင့်ပတ်သက်ပြီး လောလောဆယ်ခံစားရမှုကို ပြောဆိုကြရာ လုပ်ငန်းစဉ်မှာ ပြီးသွားကြောင်းဆိုကြသည်။ (ဥပမာအားဖြင့်- ဘဏ္ဍာရေးနှစ် အလိုက်ဦးစားပေးရွေးချယ်ပေးမှုများ ပြီးဆုံးသွားကြောင်း နှင့် နောက်နှစ်တွင်သာပါဝင်လာနိုင်အောင် ဦးစားပေးအဖြစ်စဉ်းစားစီစစ်ထားကြောင်းဆိုလိုပါသည်။ )

## ၂.၄ ပွင့်လင်းမြင်သာမှု

ရွေးချယ်တင်မြှောက်မှုများ၏ ပွင့်လင်းမြင်သာမှု ။ ထားဝယ်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲ၏ လုပ်ငန်းစဉ်နှင့်အချိန်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ တဆင့်သာ ကြေငြာပါသည်။ ပြည်သူများ၏ သုံးပုံတစ်ပုံကသာ မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ ၎င်းတို့၏ ကိုယ်စားလှယ်များ ရွေးချယ်ပေးပိုင်ခွင့် ရှိ ကြောင်း သိရှိသည်ဟု ဖေါ်ပြကြသည်။ ကော်မတီဝင်ရွေးချယ်သည့် လုပ်ငန်းစဉ်ကို မည်သူမျှ ကျွမ်းဝင်မှုမရှိကြပေ။ ကော်မတီအဖွဲ့ဝင်တစ်ဦးဦးကိုလည်း ပြည်သူ အနည်းငယ် ကသာ သိရှိပါသည်။

*အခွင့်အာဏာ၊ စီမံကိန်းရေးဆွဲခြင်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်း၊ကန်ထရိုက်ပေးခြင်းနှင့်လုပ်ငန်းလုပ်ဆောင်မှုတို့၏ပွင့်လင်းမြင်သာမှု။*

ထားဝယ်မြို့မှCSOများနှင့်စီးပွားရေးအသင်းအဖွဲ့များကမှတ်သားမိသည်မှာတနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ အား ၂၀၁၃ ခုနှစ်အတွင်းထုတ်ပြန်ပြီး တိုင်းဒေသကြီး အတွင်းထုတ်စေသော ဂျာနယ်စာစောင်များတွင် ထည့်သွင်း ဖော်ပြခဲ့သော်လည်း အချို့သော ပြည်သူတို့သာ သိရှိကြောင်းတွေ့ရပါသည်။ နိုင်ငံသားများ၏ သုံးပုံတစ်ပုံကသာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဘာတွေကို တာဝန်ယူရသည် ဆိုသည်ကို သိရှိကြသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဝန်ထမ်းများတွင် ၎င်းတို့၏ အခွင့်အာဏာနှင့်ပတ်သက်ပြီး အများပြည်သူ ကို သတင်းအချက်အလက်မျှဝေသည့် လက်ရှိစနစ်တစ်ခု မရှိပေ။ အခွန်နှင့်ပတ်သက်၍ ရှင်းလင်းမှု ရှိရေးသည်လည်း ကိစ္စရပ်တစ်ခုဖြစ်သည်။ CSOများက ဖေါ်ပြကြရာတွင် ဘာတွေကိုအခွန်ကောက်နိုင်သည်၊ မည်မျှကောက်မည် ဆိုသည်မှာ ရှင်းလင်းခြင်းမရှိဟု ဆိုကြသည်။ အစီအစဉ်များ၊ ပရောဂျက်များနှင့် ဘတ်ဂျက်များ ပွင့်လင်းမြင်သာမှု နှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာအဖွဲ့/ကော်မတီက ရှင်းပြရာတွင် သတင်းအချက်အလက် များပြန့်နှံ့စေရေး နှင့် ပတ်သက်ပြီး ထွေ/အုပ် နှင့် ၎င်း၏အုပ်ချုပ်ရေးလမ်းကြောင်း ဖြစ်သည့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ကို အသုံးပြု ပါသည်။ ထားဝယ်နှင့်မြိတ်မြို့များမှ မြို့နယ်စည်ပင်သာယာရေးကော်မတီများက ဖေါ်ပြကြရာတွင် ၎င်းတို့ကိုယ်တိုင် သည် မည်သည့်အဆိုပြုချက်များကို ရွေးချယ်ခဲ့ကြောင်း ရှင်းပြရန် ရပ်ရွာလူထုခံသွား ရောက်ခဲ့ကြကြောင်း ဆိုပါသည်။ ယခုနှစ်တွင် ၎င်းတို့သည် ရပ်ကွက်တိုင်းသို့ သွားရောက်ခဲ့သည်။ သို့သော် မြို့နယ်စည်ပင်သာယာအဖွဲ့နှင့် ပြည်သူများ၊ အထူးသဖြင့် CSOများကြားတွင် သဘောထားကွာဟမှုရှိနေပုံ ရပါသည်။ CSOများက အလေးထား ပြောကြားရာတွင် စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်မှာ ပြည်သူများ၏ ဦးစားပေးများအနည်းငယ်သာ ထည့်သွင်းပြီး ပိတ်သွားသည်ကို တွေ့ရသည်ဟုဆိုကြသည်။

## ၂.၅ တာဝန်ခံမှု

မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အများပြည်သူကိုယ်စားလှယ် ကို ရွေးကောက်တင်မြှောက်ခြင်း/ ရွေးချယ်ခြင်း တွင် ပြည်သူများ၏ ဩဇာလွှမ်းမိုးမှု နှင့် ပြန်လည်ရုတ်သိမ်းပိုင်ခွင့် ။ အဆိုပါကော်မတီအဖွဲ့ဝင်များ ရွေးချယ်ရေးလုပ်ငန်းစဉ်တွင် လောလောဆယ်ပြည်သူများ၏ ဩဇာလွှမ်းမိုးမှု အနည်းငယ်သာရှိပါသည်။ ကော်မတီ အဖွဲ့ဝင်များ ထဲမှ အများပြည်သူကိုယ်စားလှယ်များကို ပြန်လည်ရုတ်သိမ်းသည့် အဖြစ်မျိုးရှိပါသည်။ ထားဝယ်ခရိုင်ရေဖြူမြို့တွင် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌအနေဖြင့် လိုက်နာစောင့်ထိမ်းရမည့် ကျင့်ဝတ်ကို ဖောက်ဖျက်ခြင်း များပြုလုပ်သည့်အတွက် ကော်မတီဥက္ကဋ္ဌရာထူးမှထုတ်လိုက်ပါသည်။

စောင့်ကြည့်သည့် အလေ့အထနှင့် ပုံမှန်ရှိနေသော လွတ်လပ်သည့် စာရင်းစစ်များ ။ တာဝန်ခံမှု ဆိုသည်မှာ ပရောဂျက် တစ်ခု၏ အရည်အသွေး အတွက် တာဝန်ယူခြင်းမှာ တာဝန်ခံခြင်းဖြစ်သည်ဟု မြို့နယ်စည်ပင်သာယာ အဖွဲ့ နှင့် CSOများက နားလည်ထားသည်။ အမျိုးမျိုးသော မတူသည့် ပရောဂျက်များအတွက် စောင့်ကြည့်သည့် အလေ့အထ အမျိုးမျိုးရှိပုံရသည်။ CSOများက ထုတ်ဖော်ပြောကြားကြရာတွင် ၎င်းတို့အနေဖြင့် တာဝန်ခံမှုကို တွေ့နေရကြောင်း၊ ပရောဂျက်နှင့်ဆိုင်သော သတင်း အချက်အလက်များကို ပြည်သူများရရှိအောင်လုပ်ဆောင်ပေးပြီး မြို့နယ်စည်ပင်သာယာအဖွဲ့များအနေဖြင့် ပြည်သူ့ဆက်ဆံရေးကို ပိုမိုနားလည်လာပါက မြို့နယ်စည်ပင်အဖွဲ့များ၏ စောင့်ကြည့်ရေးလုပ်ငန်းစဉ် တိုးတက်လာနိုင်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ဆောင်မှုများ ။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရှင်းပြရာတွင် အဂတိ လိုက်စားသည့် လက္ခဏာထွက်ပေါ်လာပါက ကနဦး အကဲဖြတ်ချက်ပြုလုပ်ရန် ကော်မတီတစ်ခုကို ခန့်အပ်ကာ တတိယအဆင့် အကဲဖြတ်ချက်ထိ ပြုလုပ်စေသည်။ အကယ်၍ ဝန်ထမ်းတစ်ဦးသည် အဂတိလိုက်စားသည့် အပြစ် ရှိကြောင်းတွေ့ရှိရပါက ၎င်းကို အဆင့်လိုက်ဝန်ထမ်းစည်းမျဉ်းအတိုင်းအပြစ်ပေးခြင်းများပြုလုပ်ပြီး နောက်ဆုံးတွင်အလုပ်မှထုတ်ပစ်သည်အထိအပြစ်ပေးသွားမည် ဖြစ်သည်။ ဤသို့ရှိနေသော်လည်း CSOများက စိုးရိမ်မှု ကို ထုတ်ဖော်ပြောကြားကြရာတွင် အချို့ကုမ္ပဏီများနှင့် မြို့နယ်စည်ပင် သာယာအဖွဲ့များကြားရင်းနှီးသော ဆက်ဆံရေး အကြောင်းများပါဝင်လာသည်ကိုတွေ့ရပါသည်။ သို့သော် စည်ပင်သာယာရေး အဖွဲ့နှင့်ကော်မတီပုဂ္ဂိုလ်များ၏ ပြောဆိုချက်အရ မြို့နယ်စည်ပင်သာယာရေးဖွံ့ဖြိုးရေး လုပ်ငန်းများ ပြုလုပ်ရာတွင်သာ ပတ်သတ်မှု ရှိပြီး ကျန်စီးပွားရေးကိစ္စရပ်များတွင် ပတ်သတ်ဆက်နွယ်မှုလုံးဝမရှိပေ။

အငြင်းပွားမှုဖြေရှင်းရေးစနစ် ။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် များသောအားဖြင့် တိုင်ကြားမှု/ အငြင်းပွားမှု များကိုရပ်ရွာလူထုနှင့်ဥပဒေအကြောင်းအတိုင်းတိုင်ပင်ဆွေးနွေးပြီးမှ လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့မှအရေးယူနိုင်ရန် ဦးစီးဆောင်ရွက်မှုများပြုလုပ်ပါသည်။ မကြာခဏဖြစ်သည်မှာ မြေယာအငြင်းပွားမှုများဖြစ်ပြီး ဖြေရှင်းရခက်ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ အချို့သော CSOများ ကညွှန်းဆို ပြောပြသည်မှာ ပြည်သူများအနေဖြင့်က ၎င်းတို့၏ တိုင်ကြားမှုများကို အပြည့်အဝ ကိုင်တွယ် ဖြေရှင်းမပေးဟု ခံစားကြရဖြင်းကြောင့် ပြည်သူများက နောင်တွင် တိုင်ကြားခြင်းမပြုကြတော့ခြင်း ကို ဦးတည်စေ ပါသည်။ မရှင်းသည့်အချက်မှာ အငြင်းပွားမှုဖြေရှင်းရေးစနစ်ကို ပြည်သူများက မည်သည့် အတိုင်းအတာအထိ သိရှိ နားလည် ထားသည်ဆိုသည့်အချက်ဖြစ်သည်။

၃

# အခန်း ၃။ ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ၃.၁ တရားဝင်ဖွဲ့စည်းထားပုံ၊ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းဆောင်တာများ

၂၀၁၃ ခုနှစ်တွင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD) ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ခဲ့ပြီး ဝန်ထမ်းသစ်ထောင်နှင့်ချီ၍ ခန့်ထားခဲ့သည်။ DRD အတွက် အမျိုးသား ဘတ်ဂျက်ကို တိုးမြှင့်ပေးခဲ့ပြီး ရပ်ရွာလူထုကို အသေးစားခွင့်ပြုငွေများချပေးခြင်းကို အာရုံပြုလုပ်ဆောင် သည့် အစိုးရ၏ ကျေးလက်ဖွံ့ဖြိုးမှုတိုးတက်ရေးအောင်ကြိုးပမ်းမှုတွင် ပင်မဌာနဖြစ်လာသည်။ အရွယ်အစား ကြီးမားသော အမျိုးသား ရပ်ရွာလူထု အခြေပြုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Community Driven Development Project-NCDDP) ကို စတင်ဖေါ်ဆောင်၍ ပူးပေါင်းဆောင်ရွက်ရန် အဓိကကျသော ဦးစီးဌာန ဖြစ်လာသည်။ DRD သည် ကျေးလက်ဒေသများအတွက်ချည်း ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန် ၁၂ ခု ချမှတ်ထားပါသည်။ ၎င်းတို့တွင် ကျေးလက် လမ်းတံတားများတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ ဘေးကင်းသော သောက်သုံးရေပေးခြင်း၊ ရေသန့်လုပ်ငန်း၊ ကျေးလက်နေအိမ်များဆောက်လုပ်ခြင်း၊ လျှပ်စစ် မီးပေးခြင်း လုပ်ငန်းများ၊ သီးနှံထုတ်လုပ်မှုကို မြှင့်တင်ပေးခြင်း၊ စီးပွားရေးကို မြှင့်တင်ပေးခြင်း၊ အသေးစားချေးငွေအစီအစဉ်များ စတင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးကို ဖေါ်ထုတ်ကိုင်တွယ်ခြင်း၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းခြင်း၊ မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖေါ်ခြင်း၊ အမျိုးသား ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဆင်းရဲမွဲတေမှုလျော့ချရေး အစီအစဉ်၏ လုပ်ငန်းတာဝန် ၈ ရပ်ကို ကူညီခြင်းများ ဖြစ်သည်။

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သည် ၂၀၁၄-၂၀၁၅ မှ စတင်၍ ကျေးရွာအစီအစဉ်စီမံကိန်းများ၊ အရပ်ရပ်မှ လာသော အလှူရှင်/ငွေများနှင့်ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နှင့် မြစိမ်းရောင် ရန်ပုံငွေ ကိုလည်း စတင်ခဲ့သည်။

## ၃.၂ ပေးထားသော အခွင့်အာဏာအအပေါ် အပြည့်အဝလုပ်ဆောင်နိုင်မှု

ဖွဲ့စည်းထားပုံ ။ ထားဝယ် DRD ကို၂၀၁၃စက်တင်ဘာတွင်စတင်ရုံးဖွင့်လှစ်ခဲ့ပြီး ၂၀၁၄နှစ်ကုန်တွင်ဂန်ထမ်းဦးရေ စုစုပေါင်းဝန်ထမ်း ၁၃ဦး ရှိသည်။ မြိတ် DRD ကို၂၀၁၃ အောက်တိုဘာလ တွင်ဖွဲ့စည်းခဲ့ပြီး ဝန်ထမ်း ၁၆ဦး ရှိသည်။

ဝန်ဆောင်မှုများ ။ ထားဝယ်တွင် DRD သည် ရေဖြန့်ဖြူးမှု၊ လျှပ်စစ်ဓာတ်အား၊ အိမ်သာများ၊ အိမ်ယာ(ကြီး/သေး) နှင့် လမ်းတံတားတည်ဆောက်မှု တို့ကိုဦးစားပေးဆောင်ရွက်သည်။ မြိတ်တွင် DRD သည် ကျေးလက်သွားကားလမ်းများ ဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုတိုးတက်စေခြင်း၊ ကျန်းမာသောပတ်ဝန်းကျင် နှင့် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်မှု တွင်ထည့်ဝင်မှုများပြုခြင်း၊ အိမ်ယာမဲ့များအားအိမ်ပိုင်ဆိုင်စေခြင်း၊ ကျေးရွာအချို့တွင် အသက်မွေး ဝမ်းကျောင်းသင်တန်းပေးခြင်း တို့ကိုဦးစားပေးလုပ်ဆောင်သည်။ ထားဝယ်မှာကဲ့သို့ပင် DRD ၏လုပ်ငန်းအများစုမှာ ဒေသခံအသိုင်းအဝိုင်းက ဦးစားပေး တင်ပြသောအသေးစားကျေးလက်ဖွံ့ဖြိုးမှုစီမံချက်ဖြစ်သည်။ (သို့သော် ထားဂယ်ဒေသအတွင်း လိုအပ်နေသော တံတား ဆောက်လုပ်ခြင်းများ ပါဂင်ပါသည်။) DRD ၏ကြီးကြပ်မှုဖြင့် ပုဂ္ဂလိက ကန်ထရိုက်တာများက အကောင်အထည် ဖေါ်ခြင်းဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း နှင့် မြစိမ်းရောင်စီမံကိန်းများအပြင် ဒေသအလိုက် လူထုအကောင်အထည်ဖော်ဆောင်ရွက ရသော စီမံကိန်းများကို ၎င်းတို့ကိုယ်တိုင်ကိုယ်ကျ ဦးစီး လုပ်ကိုင်ပါသည်။

စီမံကိန်းရေးဆွဲခြင်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များ ။ DRD ၏ ၂၀၁၅-၂၀၁၆ဘတ်ဂျက် မှာ တိုင်းဒေသကြီးတစ်ခုလုံး အတွက် ကျပ်သန်း၅,၀၀၀ ဖြစ်ပြီး ၎င်းအနက် ထားဝယ်မြို့နယ် အတွက် ကျပ်သန်း၆၃၀ ဖြစ်၍ မြိတ်မြို့နယ် အတွက် ကျပ်သန်း၂၅၄.၉၀ (၂၀၁၄-၂၀၁၅ ဘတ်ဂျက်ကျပ်သန်း၂၀၁.၄၆မှ တိုးမြှင့်လာခြင်း) ဖြစ်သည်။ လေလံခေါ်ယူခြင်းအစီအစဉ်များတွင် ကုမ္ပဏီများမှတင်သွင်းလာမှုအပေါ် တိုင်းဒေသကြီးအဆင့် ဌာနပေါင်းစုံပါဂင်သော လေလံကော်မတီမှ စီမံခန့်ခွဲပြီး လေလံရရှိသော ကုမ္ပဏီများနှင့် ငွေကြေးကိစ္စများတိုက်ရိုက် ဆောင်ရွက်ကြပါသည်။

မြို့နယ် ကျေးလက်ဦးစီးမှူးမှ စီမံကိန်းတင်သွင်းထားမှုအပေါ်မူတည်၍ လေလံရရှိသော ကုမ္ပဏီလုပ်ကိုင်နေပုံများနှင့် ပြီးစီးမှုအဆင့်လိုက် မှန်ကန်မှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီးငွေကြေးထုတ်ယူနိုင်ရန်အတွက်မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့သော်ငြားလည်း မြစိမ်းရောင်စီမံကိန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများတွင် မြို့နယ်အဆင့်ကျေးလက်ဖွံ့ဖြိုးရေးဌာနမှတိုက်ရိုက် ကိုယ်တွယ် ပြုလုပ်ဖြေရှင်း ပေးပါသည်။ထိုရန်ပုံငွေအားလုံး၏လုပ်ငန်းတည်ဆောက်ရေးနှင့် လုပ်ငန်းကြီးကြပ်ရေးများကို မြို့နယ်အဆင့် တွင်ကိုင်တွယ်သည်။ နှစ်စဉ်စီမံကိန်းရေးဆွဲခြင်း နှင့် ဘတ်ဂျက် ရေးဆွဲခြင်း လည်ပတ်ပုံအတိုင်း လုပ်ဆောင်ကြရသည်။ ထားဝယ် နှင့်မြိတ်နှစ်မြို့နယ်စလုံးတွင် DRD သည် ရပ်/ကျေး အဆင့် အခြေခံ အချက်အလက် စနစ်တကျကောက်ယူမှုကို ပြုလုပ်ပြီး ကွင်းဆင်း လေ့လာမှုကို ပုံမှန်ပြုလုပ်သည်။ ပုံမှန်အားဖြင့် ကျေးရွာနေပြည်သူများ လိုအပ်ချက်များကို ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ပြုလုပ်ကြပါသည်။ စစ်တမ်းကောက် ယူရာတွင် ထွေ/အုပ်ကဲ့သို့ပင် လိုအပ်သည့်အကဲဖြတ်ချက်များအတွက်ကျေးရွာအုပ်ချုပ်ရေးမှူး များ၊ ကျေးရွာ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ နှင့် ရပ်မိရပ်ဖများက တစ်နှစ်ပတ်လုံး တင်ပြ နိုင်သော အဆိုပြုချက် များအပေါ်တွင်မှီခိုရသည်။ မြို့နယ်ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် ဒေသခံအသိုင်းအဝိုင်းက တင်ပြသော အသေးစား စီမံချက်များကို တိုင်းဒေသကြီးအဆင့် ရွေးချယ်ရေးကော်မတီကဦးစားပေးဆောင်ရွက်သည်။

ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင်ပါဝင်မှု ။ ထားဝယ်မြို့နယ် DRD သည် နယ်မြေဖွံ့ဖြိုးရေးရန်ပုံငွေများ ခွဲဝေရာတွင် အကန့်အသတ် ဖြင့်ပါဝင်သည်။သို့သော်အုပ်ချုပ်ရေးဌာနအပါအဝင် တခြားဌာနများနှင့်မသက်ဆိုင်သော CDF လူထုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ နှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေများမပါဝင်ပါ။ မြိတ်မြို့နယ်တွင်မူ DRD သည် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေခွဲဝေရန် ဆွေးနွေးဆုံးဖြတ်သည့် တစ်လ နှစ်ကြိမ် ပူးတွဲအစည်းအဝေးများ တွင်အခြားဌာနဆိုင်ရာများနှင့်အတူပါဝင်သည်။

ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအကောင်အထည်ဖော်ခြင်း ။ ပုဂ္ဂလိကကုမ္ပဏီများသို့ စီမံကိန်းတင်ဒါပေးခြင်း နှင့် ကန်ထရိုက်ပေးခြင်း ကိုတိုင်းဒေသကြီးအဆင့် တွင်လုပ်ဆောင်ပြီး လုပ်ငန်းတိုးတက်မှု စောင့်ကြည့်ခြင်းကိုမူ မြို့နယ် ကျေးလက်အဆင့်ကတာဝန်ယူရသည်။ တိုင်းဒေသကြီးအဆင့်မှကုမ္ပဏီများသို့ ငွေပေးချေရာတွင်မြို့နယ်အဆင့် DRD က ဒေသခံလူထု နှင့် အတူသွားရောက်ကြည့်ရှုမှုအပေါ် အခြေခံပြီးပေးပို့သော အကြံပြုချက်ကိုမူတည်ကာ အရစ်ကျပေးချေသည်။ ဒေသခံ အသိုင်းအဝိုင်းများသည် ကန်ထရိုက် စည်းကမ်းသတ်မှတ်ချက်များကို များသောအားဖြင့် အကဲဖြတ်ခြင်းမပြုသော်လည်း လုပ်ငန်းစဉ်အပေါ်တွင် လိုလိုလားလားစိတ်ဝင်တစားရှိသည်။ နယ်မြေအဆင့်တွင် လုပ်ငန်းအကောင်အထည်ဖော်မှုကော်မတီကို ကျေးရွာအဆင့်တွင် အစပြုဖွဲ့စည်းကာအကောင်အထည်ဖော်မှုကို ကြီးကြပ်၍ ပုဂ္ဂလိကကုမ္ပဏီနှင့်ပူးပေါင်း ဆောင်ရွက်သည်။ တနင်္သာရီတိုင်းဒေသအတွင်းမှကျေးရွာပေါင်း ၁၀၀ကျော်တွင် စွန့်ဦးတီထွင် လုပ်ငန်းများ ချေးငွေပေးရန်အတွက် မြစိမ်းရောင် အရင်းမပြောက်လည်ပတ် ရန်ပုံငွေ အား ကြီးကြပ်ရေး ကော်မတီဖွဲ့၍ စီမံခန့်ခွဲသည်။ မြစိမ်းရောင်ကျေးရွာရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ တွင် သက်ဆိုင်ရာ ငါးမွေးမြူရေးဦးစီးဌာန၊ မွေးမြူရေးဦးစီးဌာန စသည့်ဖြင့်ပါဝင်ဖွဲ့စည်းထားပါသည်။

## ၃.၃ နိုင်ငံသားများပါဝင်မှု

အများပြည်သူတိုက်ရိုက်ပါဝင်မှု ။ နယ်မြေဖွံ့ဖြိုးရေးစီမံကိန်းများကို အစိုးရကပံ့ပိုးမှုသည် ၂၀၁၂ ဝန်းကျင်မှစ၍ တိုးတက်လာသည်ဟု ဒေသခံအသိုင်းအဝိုင်း ကိုယ်စားလှယ်များက ပြောဆိုကြသည်။ DRD ဝန်ထမ်း၏ အဆိုအရ ပါဝင်မှုအဆင့်သည် မြင့်မားပြီးအကြံပြုချက်ပေးခြင်း၊စီမံကိန်းကြီးကြပ်ခြင်း (သို့) စောင့်ကြည့်လေ့လာခြင်း၊ စီမံကိန်း အပြီးတွင် ပြုပြင်ထိမ်းသိမ်းခြင်းစသည့်ပုံစံများဖြင့်ပါဝင်ကြသည်ဟုသိရှိရသည်။သို့ရာတွင် ဒေသခံအသိုင်းအဝိုင်း ၏ပါဝင်မှုသည် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ နှင့် ရပ်မိရပ်ဖများ ပါဝင်မှုလောက်သာရှိသည်။ ဒေသခံ အသိုင်းအဝိုင်း၏ ပါဝင်မှုသည် တစ်ရွာနှင့်တစ်ရွာကွာခြားကြောင်း၊လိုအပ်ချက် များဦးစားပေးကိစ္စများ နှင့် ပတ်သက်၍ ပိုမိုကျယ်ပြန့်သည့် လူထုအသိုင်းအဝိုင်း နှင့် တိုင်ပင်ရန် သတ်သတ်မှတ်မှတ် လုပ်ထုံးလုပ်နည်းမရှိကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေး (သို့) လူထုအသိုင်းအဝိုင်းပါဝင်ရေးတို့ နှင့် ပတ်သက်၍ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ နှင့် ရပ်မိရပ်ဖများကို သင်တန်းပေးနိုင်ခြင်း မရှိကြောင်းသို့သော် ကျေးလက်လူငယ်များအားပြီးခဲ့သောနှစ်က ၁ရွာ ၅ ယောက်နှုန်းဖြင့် သော်လည်းကောင်း ယခုနှစ်တွင် ၁ရွာ ၁၀ ယောက်နှုန်းဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကိုပို့ချပေးခဲ့ပါသည်။

လူထုအသိုင်းအဝိုင်းခေါင်းဆောင်များ၊ အဖွဲ့ဝင်များ နှင့် အင်တာဗျူးများက ညွှန်ပြနေသည်။ မြစိမ်းရောင်ရန်ပုံငွေ နှင့် ပတ်သက်၍ ရန်ပုံငွေစီမံခန့်ခွဲရန် ရပ်ရွာလူထု ကိုယ်စားပြုကော်မတီတစ်ရပ် ဖွဲ့စည်းထားပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများ မှာကဲ့သို့ အမျိုးသမီးပါဝင်မှု မနည်းပဲ ကော်မတီတွင်အမျိုးသမီး ၄၀-၅၀ရာခိုင်နှုန်း ပါဝင်ရမည်ဟု စည်းကမ်းသတ်မှတ် ထားသည်။ လေ့လာမှုစစ်တမ်း ပြုလုပ်ကြည့်ရာတွင် ဒေသလိုအပ်ချက်များ အပေါ် DRD ၏ တုန့်ပြန်လုပ်ဆောင် ပေးမှုအား ဒေသခံပြည်သူများ သိရှိမှု အားနည်းနေဆဲဟု စစ်တမ်းဖြေဆိုသူများက မှတ်ချက် ပေးကြသည်။

လူထုအခြေပြုအဖွဲ့အစည်းများ နှင့် စီးပွားရေးအသင်းအဖွဲ့များ နှင့် အပြန်အလှန်ဆက်ဆံရေး ။ အခြားဒေသခံအင်စတီကျူးရှင်းများ နှင့် မတူပဲထားဝယ် DRD သည်အင်န်ဂျီအို၊ ကုလအဖွဲ့အစည်းအနည်းငယ်တို့ နှင့် အတူတကွ လုပ်ဆောင်မှု ရှိသော်လည်း ဒေသခံအရပ်ဖက်အဖွဲ့များ နှင့် ပုံမှန်ထိတွေ့ဆက်ဆံမှုမျိုးမရှိပေ။ ထားဝယ် နှင့် မြိတ် တွင် DRD နှင့် အဆက်အသွယ် ရှိသော စီးပွါးရေးအဖွဲ့အစည်းများမှာ ကျေးလက်စီမံကိန်းများ အကောင်အထည် ဖေါ်ရန် ကန်ထရိုက်ရထားသော ကုမ္ပဏီများသာ ဖြစ်သည်။

## ၃.၄ ပွင့်လင်းမြင်သာမှု

အခွင့်အာဏာ၊ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်း၊ ကန်ထရိုက်ပေးခြင်းနှင့် ဆောင်ရွက်ချက် အားလုံးတွင် ပွင့်လင်းမြင်သာမှု ။ ထားဝယ်မှ DRD ကငင်း၏ အခွင့်အာဏာ နှင့်လုပ်ငန်းများကို လူထုကသိရှိသည်ဟု ယေဘူယျ အားဖြင့် ယူဆကြောင်းပြောကြားသည်။ သို့ရာတွင် ယင်းသို့ယူဆမှုသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်မှုကော်မတီများ မှတဆင့် သိရှိခြင်းဖြစ်ပြီး ၎င်းတို့ကို ကျော်လွန်ပြီးအချက်အလက်များ မည်မျှ ရောက်ရှိသည်ကို သေချာမသိနိုင်ပေ။ ထားဝယ်နှင့်မြိတ် နှစ်မြို့စလုံးမှ DRD သည် ရပ်ရွာလူထုစည်းဝေးပွဲများ ကိုအခါခါအားလျော်စွာ စီစဉ်ကျင်းပလေ့ရှိပြီး ၎င်းတို့၏ အခွင့်အာဏာ၊ အထူးစီမံကိန်းများကို ရှင်းလင်းတင်ပြခြင်း၊ စီမံကိန်းအပြီးတွင် ပြည်သူပိုင်ပစ္စည်းကိုမည်သို့အကောင်းဆုံး ပြုပြင်ထိမ်းသိမ်းသင့်သည် ကိုရှင်းပြခြင်း တို့ကို လုပ်ဆောင်ကြသည်။ ထားဝယ်တွင် အထူးသဖြင့် ကျေးရွာတစ်ရွာအတွက် စီမံကိန်းတစ်ခုခု ခွင့်ပြုချက်ရသည့် အခါ ဘတ်ဂျက် နှင့် စီမံကိန်းပုံစံကို အသိပေးရန် ရပ်ရွာလူထုထံ DRD ကချဉ်းကပ်ဆက်သွယ်သည်။ မြိတ်တွင်မူ စီမံကိန်းများ၏ ရေးဆွဲထားသည့်ပုံစံကို လူထုအသိုင်းအဝိုင်းက စနစ်တကျသိရှိထားပါက ကုမ္ပဏီများ အကောင် အထည်ဖေါ်မည့်စီမံကိန်း အပေါ်လူထုအသိုင်းအဝိုင်းက စောင့်ကြည့်မှု တိုးတက်လာနိုင်သည် ဟူသော ကိစ္စကို လူထု အသိုင်းအဝိုင်း ခေါင်းဆောင်က တင်ပြခဲ့သည်။ လူထုအသိုင်းအဝိုင်း စစ်တမ်းများတွင် DRD နှင့် ပတ်သက်သည့် သတင်းအချက်အလက် ကို သာမန်ကျေးလက်လူထုက မသိရှိကြောင်း ပြသနေပြီး စစ်တမ်း ဖြေဆိုသူ ၂၅ဦး အနက် ၂ဦး ကသာ DRD ၏ တာဝန်နှင့်လုပ်ငန်းများကို သိရှိကြောင်း ပြောကြားသည်။

## ၃.၅ တာဝန်ခံမှု

လိုက်နာရမည့် ကျင့်ဝတ်များ ။ DRD ဝန်ထမ်းအတွက်ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများကို ဆွေးနွေးသည့် အခါ ဝန်ထမ်းတစ်ဦးက ပြည်သူ့ဝန်ထမ်းဥပဒေကိုလိုက်နာကျင့်သုံးရကြောင်းနှင့် ပုဂ္ဂလိကကုမ္ပဏီများက ယေဘူယျ ထုတ်ပြန်ထားသော ကျင့်ဝတ်များ၊ စည်းကမ်းဖောက်ဖျက်မှု အတွက် ကျသင့်သောပြစ်ဒဏ်များ သည်လည်း ကွာခြားလျက်ရှိသည်။ DRDဂန်ထမ်းများသည် ပြည်သူ့ဂန်ထမ်းဥပဒေကိုအားလုံး လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းနှင့်ကျင့်ဂတ်များရှိသလို ကုမ္ပဏီများတွင်လည်း ၎င်းတို့ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းများ ကျင့်ဂတ်များရှိပါသည်။

စောင့်ကြည့်သည့် အလေ့အထနှင့် ပုံမှန်ရှိနေသော လွတ်လပ်သည့် စာရင်းစစ်မှုများ ။ စီမံကိန်းဆုံးဖြတ်ခြင်း ကို တိုင်းဒေသကြီးအဆင့်တွင် လုပ်ဆောင်သော်လည်း စီမံကိန်းစောင့်ကြည့်ခြင်း နှင့် အကဲဖြတ်ခြင်းကိုမူလုပ်ငန်းပြီးစီးမှုနှင့် အကဲဖြတ်မှု ကော်မတီများမှ တဆင့်မြို့နယ်အဆင့်တွင် လုပ်ဆောင်ကာ ဆက်လက်၍ မြို့နယ် စာရင်းစစ်ဌာန မှ စာရင်းစစ်ခြင်းပြုလုပ်သည်။

DRD ဝန်ထမ်းများက ကျေးရွာများသို့ ပုံမှန်စစ်ဆေးမှုခရီးစဉ်များ သွားရောက်လေ့ ရှိသော်လည်း စီမံကိန်းအရေအတွက်များပြားခြင်းက အခက်အခဲကို ဖြစ်ပေါ်စေသည်။ ဤသို့ အမျိုးမျိုးစစ်ဆေး နေသည့် ကြားမှပင် DRD သည်လမ်းဖေါက်လုပ်မှုတွင် အရည်အသွေးထိမ်းသိမ်းမှု လျော့ရဲကြောင်း ထားဝယ်မှ CSOများက သဘောထားပေးကြသည်။ ဆောက်လုပ်ရေးကုမ္ပဏီများကို အကဲခတ်စောင့်ကြည့်ရန် ကျွမ်းကျင်သော သီးခြားကုမ္ပဏီ တစ်ခုကို ငှါးရမ်းဖို့၎င်းတို့က DRD ကိုအကြံပြုကြသည်။ မြိတ်မြို့တွင်မူ DRD အားသာမန်လူထု နှင့် ပိုမိုထိတွေ့ဖို့လိုကြောင်း၊ သို့မှသာ DRD ၏အခွင့်အာဏာ၊ ဘတ်ဂျက်၊ အစီအစဉ်များ၊ ဆောင်ရွက်ချက်များ ကို လူထုက ကောင်းစွာ သိရှိနားလည်မည်ဖြစ်ကြောင်း အဓိကအားဖြင့် အကြံပြုကြသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ဆောင်မှုများ ။ အကယ်၍ အဂတိလိုက်စားမှုကိစ္စများ ဖြစ်လာပါကသင့်လျော်သော အရေးယူ ဆောင်ရွက်မှုပြုလုပ်သည်ဟု အကြီးတန်း DRD ဝန်ထမ်းကပြောကြားသည်။ DRDဂန်ထမ်းများအနေဖြင့် ပြည်သူ့ဂန်ထမ်းဥပဒေကို လေးစားလိုက်နာသည့်အတွက် ၎င်းတို့သည့် အဂတိလိုက်စားခြင်းကြောင့်ကျခံရမည့် စည်းမျဉ်းစည်းကမ်းများ မစိုးရိမ်ကြပါ။ သို့ရာတွင် လုပ်ငန်းလုပ်ဆောင်မှုများအတွက် အဂတိလိုက်စားခြင်းနှင့်ပတ်သတ်သည့် လမ်းညွှန်ချက်များသည် ဖော်ပြပါ စီမံကိန်းလေးလံပစ်ခြင်း နှင့် စာရင်းစစလုပ်ထုံးလုပ်နည်းများမှ လွဲ၍ အခြားလုပ်ငန်းဆောင်တာများတွင်လမ်းညွှန်ချက်များ ချမှတ်ထားခြင်း မရှိပါ။

အငြင်းပွားမှုဖြေရှင်းရေးစနစ် ။ လူထုအသိုင်းဝိုင်းများအနေ နှင့် ပုဂ္ဂလိကကုမ္ပဏီများသည် လုပ်ဆောင်မှု များကိုကျေနပ်မှု မရှိပါက DRD ရုံးသို့လွတ်လပ်စွာ ဆက်သွယ်တင်ပြနိုင်ပြီး ရုံးကဆက်လက် စုံစမ်းစစ်ဆေးသွားမည် ဟု DRD ဝန်ထမ်းက ရှင်းလင်းပြောကြားသည်။ အကယ်၍ စီမံကိန်းကြန့်ကြာနေပြီး ကုမ္ပဏီက အားထုတ် လုပ်ဆောင်ခြင်း မရှိလျှင် DRD က အဆင့်လိုက် အပြစ်ပေးသွားခြင်းမျိုးရှိပါသည်။ ပထမတွင် ဒါဏ်ရိုက်ခြင်း၊ ထိုနောက်အရစ်ကျပေးချေမှုများကငွေပေးချေမှုအားဆိုင်းငံ့ထားခြင်း၊ နောက်နှစ်အတွက် လေလံခေါ်ယူခွင့်ပိတ်ပင်ခြင်း နှင့် နောက်ဆုံးအဆင့် Black List သွင်းခြင်းများဖြစ်သည်။ ကန်ထရိုက်ရသောကုမ္ပဏီ များအနေ နှင့် လုပ်ငန်းကို အရည်အသွေးပြည့် လုပ်ဆောင်ခြင်းထက် အမြတ်အစွန်းကို အဓိကထားမည်ကို ထားဝယ်မှ CSOများ အကြား စိုးရိမ်ပူပန်မှုရှိနေသည်။

၄

# အခန်း ၄။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ

(မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ(TDSC)သည်ယခုအချိန်တွင်ဖျက်သိမ်းခဲ့ပြီးဖြစ်သော်လည်း အစီရင်ခံစာအား လေ့လာရာတွင် ဆက်စပ်မှုရှိသောသတင်းအချက်အလက်များရယူနိုင်ရန်အတွက် ထည့်သွင်းဖော်ပြဂျခြင်းဖြစ်ပါသည်။)

## ၄.၁ တရားဝင် ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ငန်းဆောင်တာများ

အောက်ခြေအဆင့်တွင် အစိုးရ၏ တာဝန်ယူမှုတိုးတက်လာစေရန် အတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုကော်မတီများ ကို ၂၀၁၃တွင် သမ္မတ၏ညွှန်ကြားချက်ဖြင့် ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား ဒေသဖွံ့ဖြိုးရေးလိုအပ်ချက် နှင့် အကြံဉာဏ်များပေးရန်တာဝန်ယူရသော အလွတ်သဘော အဖွဲ့အစည်းဖြစ်သည်။ အဖွဲ့ဝင်၉ဦး တွင် ၇ဦးမှာ ရပ်ရွာလူထုဖက်မှ ဖြစ်သည်။ ရပ်ကွက်နှင့် ကျေးရွာအဆင့်တွင်လည်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ကိုဖွံ့ဖြိုးရေး အစီအစဉ်များ၌ အကူအညီပေးရန် ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြု ကော်မတီများကို အဖွဲ့ဝင်၅-၇ဦး ဖြင့်ဖွဲ့စည်းခဲ့သော်လည်း များသောအားဖြင့်တက်ကြွမှု မရှိကြပေ။

## ၄.၂ ပေးထားသော အခွင့်အာဏာအအပေါ် အပြည့်အဝလုပ်ဆောင်နိုင်မှု

ဖွဲ့စည်းထားပုံ။ထားဝယ်တွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ကို၂၀၁၃တွင် ဖွဲ့စည်းခဲ့ပြီး လက်ထောက်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှအမှုဆောင်အရာရှိ နှင့် လူထု ကိုယ်စားလှယ် ၇ဦး ပါဝင်ဖွဲ့စည်းသည်။ လူထုကိုယ်စားလှယ် ၇ဦး အနက် ၃ဦး အထူးစိတ်ပါဝင်စားသောကြောင့်ပါဝင်လာသောသူများဖြစ်သည်။

မြိတ်မြို့တွင်မူ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၏ လူထုအဖွဲ့ဝင်များမှာ ဒေသခံလုပ်ငန်းရှင်များ ဖြစ်ကြပြီး လူသိများသောနယ်ခံလုပ်ငန်းရှင် ခေါင်းဆောင်မှာဉက္ကဌဖြစ်သည်။ ထားဝယ်နှင့်မြိတ်နှစ်မြို့စလုံးတွင် ကွင်းဆင်းလေ့လာထားသော ရပ်ကွက်နှင့်ကျေးရွာများတွင် ရပ်ကွက်နှင့်ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ ကိုဖွဲ့စည်းခဲ့သည်။

ဝန်ဆောင်မှုများ ။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီသည် ဝန်ဆောင်မှုပေးသော ကဏ္ဍတွင်ပါဝင်ခြင်းမရှိပေ။ မြို့နယ်အဆင့်တွင် လူထုလိုအပ်ချက်များကို တင်ပြပေးရန်ဖွဲ့စည်းထားသော အကြံပေးအဖွဲ့ မျှသာဖြစ်သည်။ ထားဝယ်တွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီသည် မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့ နှင့် တစ်လတစ်ကြိမ်သာ ပုံမှန်စည်းဝေးကာ အပတ်စဉ် ကွင်းဆင်းလေ့လာမှု ပြုလုပ်သည်။ မြိတ်မြို့တွင်မူ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီသည် လက်ရှိပုံစံတွင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများအတွက်ကြွလှုပ်ရှားမှုမရှိပေ။ ကော်မတီသည် ပုံမှန်တွေ့ဆုံပြုလုပ်ရမည့် မြို့နယ် စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် အစည်းအဝေးများပြုလုပ်ရမည်ဖြစ်သည်။ သို့သော်လည်း မြို့နယ်ဖွံ့ဖြိုးကောမတီဉက္ကဌသည် အခါအားလျော်စွာ ငွေကြေး၊ စက်ပစ္စည်း၊ နည်းပညာပိုင်းဆိုင်ရာလိုချက်များကို ကူညီထောက်ပံ့ပေးပါသည်။

စီမံကိန်းရေးဆွဲခြင်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များ ။ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတွင်ပါဝင်ရုံမှ လွဲပြီး ထားဝယ်တွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီသည် စီမံကိန်းရေးဆွဲခြင်း နှင့် ဘတ်ဂျက် ရေးဆွဲခြင်း လုပ်ငန်းစဉ် များတွင် ထင်သာမြင်သာပါဝင် ပတ်သက်မှုမရှိပေ။ သို့သော် လိုအပ်လာပါက အုပ်ချုပ်ရေးမှူးရုံးသို့ တင်ပြတောင်းဆိုနိုင်ပါသည်။

ဒေသဖွံ့ဖြိုးရေးရံပုံငွေများကို အကောင်အထည်ဖော်ခြင်း ။ ထားဝယ်တွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီသည် မဲဆန္ဒနယ်မြေအလိုက်ဖွံ့ဖြိုးရေး ရန်ပုံငွေတွင် ဦးဆောင်ကဏ္ဍမှပါဝင်ပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ နှင့် ဆင်းရဲမွဲတေမှုလျော့ချရေးရန်ပုံငွေတို့တွင် ပါဝင်ပါတ်သက်ခြင်းမရှိပေ။ မြိတ်တွင်မူ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ သည်မည်သည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အကောင်အထည် ဖော်ခြင်းတွင်မျှ သိသိသာသာပါဝင်ခြင်းမရှိပေ။ အခြားမြို့နယ်များမှ တွေ့ရှိချက်များနှင့် ခြားနားစွာပင် ထားဝယ် မှ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြု ကော်မတီသည် စီမံကိန်းရေးဆွဲခြင်း နှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များ နှင့် ဆက်စပ်သော ၎င်း၏ ကဏ္ဍနှင့်ဝတ္တရားတို့ အပေါ် ရှင်းလင်းတိကျမှု သိပ်မရှိပေ။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ သည် မဲဆန္ဒနယ်မြေအလိုက်ဖွံ့ဖြိုးရေးရန်ပုံငွေ အတွက် စီမံကိန်းရွေးချယ်မှု နှင့် စီမံကိန်း အကောင်အထည်ဖော်မှု တို့အတွက် တာဝန်ရှိသည်။ တိုင်းပြည်တွင်း အခြားနေရာများ နှင့် နှိုင်းယှဉ်ပါက မဲဆန္ဒနယ်မြေအလိုက် ဖွံ့ဖြိုးရေးရန်ပုံငွေ၏လုပ်ငန်းစဉ် တွင် လွှတ်တော် အမတ်များ၏ ပါဝင်ပါတ်သက်မှုသည် ထားဝယ်တွင် သတိထားမိလောက်အောင် လျော့နည်းနေသည်။ မြိတ်မြို့တွင်မူ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၏ တက်တက်ကြွကြွပါဝင်မှု မရှိသောကြောင့် မဲဆန္ဒနယ်မြေအလိုက်ဖွံ့ဖြိုးရေးရန်ပုံငွေခွဲဝေခြင်း နှင့် အကောင်အထည်ဖော်ခြင်း တို့တွင်မည်သည့်ကဏ္ဍတွင်မှ ပါဝင်ခြင်းမရှိပေ။ တစ်နိုင်ငံလုံးခြုံကြည့်လျှင် ကော်မတီများ၊ အထူးသဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများအတွက် တိကျသော လမ်းညွှန်ချက်များ မရှိကြောင်းတွေ့ရှိရသည်။ အသေးစိတ်လုပ်ထုံးလုပ်နည်း နှင့် ကိုးကားစရာလမ်းညွှန်မရှိခြင်းသည် မြိတ်နှင့်ထားဝယ်တွင် တွေ့ရှိရသကဲ့သို့ မတူသော မြို့နယ်အသီးသီးတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ၏ လွန်စွာကွဲပြားသော အဓိပ္ပါယ်ဖွင့်ဆိုမှုနှင့် အကောင် အထည်ဖော်မှုတို့ကို ဖြစ်ပေါ်စေခဲ့သည်။ ထိုအစားမြိတ်မြို့တွင်မူ ရပ်ကွက်နှင့်ကျေးရွာတိုင်းအား အရွယ်အစားနှင့် လိုအပ်ချက် ပေါ်မူတည်ကာ နှစ်စဉ်ကျပ်ငွေ၃သန်းစီခွဲဝေ ပေးသည့် မဲဆန္ဒနယ်မြေအလိုက်ဖွံ့ဖြိုးရေးရန်ပုံငွေ ကို အစိုးရဌာနဆိုင်ရာ အများစုပါဝင်သည့် မြို့နယ်ဦးစီးကော်မတီ ကစီမံခန့်ခွဲလျက်ရှိသည်။ ဒေသခံ လူထုသည် ၎င်းတို့၏ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ နှင့် ညှိနှိုင်းကာ အသေးစားစီမံကိန်းအဆိုပြုလွှာများကို တင်ပြကြရန်ဖိတ်ခေါ်ခြင်း ခံရသည်။ အနည်းဆုံးအားဖြင့်မြိတ်မြို့တွင် စောင့်ကြည့်လေ့လာမှု အတော်အတန်အားနည်းသည်ကို တွေ့ရသည်။

## ၄.၃ နိုင်ငံသားများပါဝင်မှု

ကိုယ်စားပြုပါဝင်မှု ။ မြိတ်မြို့နယ်တွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင် များကို အမည်စာရင်းတင်သွင်းခြင်း၊ ရွေးချယ်ခြင်းလုပ်ငန်းစဉ်များ သည်ရှင်းလင်းမှုမရှိပေ။ ၎င်းတို့အားလူထုမှရွေးချယ်ခြင်းမျိုးမဟုတ်သလို မဲပေးရွေးချယ်ထားမှုမျိုးများမရှိပဲထွေအုပ်နှင့် နီးစပ်ရာ များ ကို ရွေးချယ်သည်။ အမှန် တကယ် စိတ်ဝင်စားမှုနှင့်တက်ကြွစွာပါဝင်မှုတို့ကို သေချာစေရန်အတွက် နောက်တစ်ကြိမ် တွင် တိုက်ရိုက် ရွေးချယ်ခြင်းက ပိုမိုသင့်လျော်သည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ထားဝယ်တွင် ကျေးရွာများမှ မပါဝင်ပဲမြို့ပေါ်ရှိ ၁၈ရပ်ကွက်မှ၁၈ဦးစီကို ထွေ/အုပ်နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးကအမည်စာရင်းတင်သွင်းသည်။ ထို့နောက်တွင် လူထုက လူ၃၈အစု ထဲမှမဲပေးရွေးချယ်နိုင်သည်။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီသည် မေတ္တာမြို့သစ် အပါအဝင် မြို့ပြနှင့်ကျေးရွာနယ်မြေများကို အကျုံးဝင်အောင် ထည့်သွင်းထားသော်လည်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတွင် ကျေးရွာနယ်မြေများနှင့် မေတ္တာမြို့သစ် တစ်ခုလုံးက ကိုယ်စားပြုပါဝင်ခြင်းမရှိပေ။ အမျိုးသမီးများ၊ တိုင်းရင်းသားအုပ်စုကိုယ်စားလှယ်များလည်း ပါဝင်ခြင်း မရှိပေ။ ထားဝယ်ထွေ/အုပ်သည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ၏ လုပ်ငန်းလုပ်ဆောင်မှုများကို လွန်စွာကျေနပ်မှုရှိသည်။ သို့သော်မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူးသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ တွင် စီးပွားရေးလုပ်ငန်းရှင်များ၏ ဒေသတိုးတက်ရေးအစီအစဉ်များတွင်ပါဂင်မှုရှိလာမှုအပေါ် ခံစားပြောဆိုပါသည်။

အများပြည်သူတိုက်ရိုက်ပါဝင်မှု ။ လူထုအကြားမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အကြောင်းသိရှိမှုနည်းပါးသည်။ ထားဝယ်တွင် နေထိုင်သူ ၂၄ဦးကို မေးမြန်းကြည့်သောအခါ ၂ဦးကသာ ၎င်းတို့ မြို့တွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ရှိကြောင်းသိရှိသည်။ မြိတ်မြို့တွင်မူ သုံးပုံတစ်ပုံ ကသိရှိသောကြောင့် စိတ်ဝင်စားစရာဖြစ်ရသည်။

လူထုအခြေပြုအဖွဲ့အစည်းများနှင့် စီးပွားရေးအသင်းအဖွဲ့များ။ ထားဝယ်တွင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အဖွဲ့ဝင်တစ်ဦးကရင်းသည် ဘာသာရေး၊ လူမှုရေး၊ နာရေးကူညီမှုအသင်းတချို့ နှင့် ပုံမှန် တွေ့ဆုံညှိနှိုင်းသည် ဟုပြောကြားသည်။ သို့ရာတွင် အင်တာဗျူးမေးမြန်းခဲ့သော ထားဝယ်မှ လူထုအခြေပြု အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ စီးပွားရေး အဖွဲ့အစည်းများမှာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ နှင့် ဆက်သွယ်ထားခြင်းမရှိပါ။ မြိတ်မြို့တွင်မူ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီသည် စီးပွါးရေး အသိုင်းအဝိုင်းမှအုပ်စုများ နှင့်နီးစပ်မှုရှိသော်လည်း ကော်မတီ အဖွဲ့ဂင်များသည် ပုံမှန်အားဖြင့် အခြား လူထုအခြေပြုအဖွဲ့ များ နှင့် ပူးပေါင်းဆောင်ရွက်မှုမရှိပေသို့သော် ၄င်းသည် ပြောင်းလဲကျင့်သုံးလာနိုင်ပါသည်။ မကြာမီကပင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဌသည် လူထု အဖွဲ့အစည်းများတွင်ပါဂင်လာပြီ အစဦးပိုင်းတွင် ဒေသခံလူငယ်အဖွဲ့များ၊ လွှတ်တော်အမတ်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့/ ကော်မတီဂင်များပူးပေါင်းပါဂင်ပြီး အမှိုက်ကောက်သိမ်းခြင်း လုပ်ရှားမှုများလုပ်ဆောင်နေသည်ကိုတွေ့ရပါသည်။ ထိုမှအပြင် တခြားလှုပ်ရှားမှုများကို ပူးပေါင်းလုပ်ဆောင်ခြင်းမျိုး မတွေ့ရပေ.

## ၄.၄ ပွင့်လင်းမြင်သာမှု

ကိုယ်စားပြုပါဝင်မှု ။ ထားဝယ်တွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ရွေးချယ်မှုကို ကြေငြာသည့် အစီအစဉ်အချို့ရှိသော်လည်းကော်မတီပါ ကိုယ်စားလှယ်များအကြောင်းကို လူထုက များများစားစား မသိကြဟု ထွေ/အုပ် ကထင်မြင်ယူဆပြီးလေ့လာမှုစစ်တမ်း တွေ့ရှိချက်များကလည်း ၎င်းအချက်ကိုအတည်ပြုသည်။မြိတ်မြို့တွင်မူ မေးခွန်း မေးမြန်း ခံရသူများ၊ လူထုအခြေပြုအဖွဲ့အစည်းများ နှင့် နိုင်ငံရေးပါတီဂင်များကပါ ကော်မတီဝင်ရွေးချယ်မှုကိုမသိကြပေ။ ထို့အပြင် လက်ရှိအစိုးရဂန်ထမ်းများသည်လည်း ဂန်ထမ်းပြောင်းရွှေ့မှု၊ ပြောင်းလဲမှုနှင့် ရွေးချယ်မှုများနှင့် ပတ်သတ်၍ ရှင်းလင်းသော အကြောင်းချက်များကို မသိရပေ။

အခွင့်အာဏာ၊ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်း၊ ကန်ထရိုက်ပေးခြင်းနှင့် ဆောင်ရွက်ချက်အားလုံးတွင် ပွင့်လင်းမြင်သာမှု ။ ထားဝယ်နှင့်မြိတ်မြို့ နှစ်မြို့နယ်စလုံးတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြုကော်မတီ၏ တာဝန်နှင့် လုပ်ငန်းဆောင်တာများအကြောင်း လူထုအကြားသိရှိမှု အလွန်အမင်းနည်းပါး ကြောင်းကို လေ့လာမှုစစ်တမ်းက ပြသနေသည်။ သို့ရာတွင် ထားဝယ်နှင့်မြိတ်မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီက ၎င်းတို့အလုပ်သည်လူသိများပြီး ပွင့်လင်းမြင်သာမှုရှိသည် ဟု ယူဆသည်။

## ၄.၅ တာဝန်ခံမှု

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ အများပြည်သူကိုယ်စားလှယ်ကို ရွေးကောက်တင် မြှောက်ခြင်း/ ရွေးချယ်ခြင်း တွင် ပြည်သူများ၏ သြဇာလွှမ်းမိုးမှုနှင့်ပြန်လည်ရုတ်သိမ်းပိုင်ခွင့် ။ ထားဝယ်တွင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ မှ လူထုကိုယ်စားပြုကိုယ်စားလှယ်များ ရွေးချယ်ရာ၌ မြို့သူ မြို့သားတို့၏ သြဇာလွှမ်းမိုးမှုမှာ အကန့်အသတ်နှင့်သာ ရှိပြီး မြိတ်မြို့တွင်မူလုံးဝပါဝင်မှုမရှိပေ။ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင်ကို ပြန်လည်ရုတ်သိမ်းသည့် နမူနာဖြစ်ရပ်တစ်ခုမှ မရှိသကဲ့သို့ ယင်းအကြောင်းအရာကို ပွင့်လင်းစွာဖေါ်ပြထားမှု ရှိ/မရှိ ရှင်းလင်းသဲကွဲမှုမရှိပေ။

စောင့်ကြည့်သည့် အလေ့အထနှင့် ပုံမှန်ရှိနေသော လွတ်လပ်သည့် စာရင်းစစ်မှုများ ။ ထားဝယ်တွင် မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီ သည်မဲဆန္ဒနယ်မြေအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံကိန်းများ၏ တိုးတက်မှု ကို စောင့်ကြည့်ရန်အတွက် ရပ်ကွက်နှင့်ကျေးလက်သို့ကွင်းဆင်း ကြည့်ရှုရန်တာဝန်ရှိသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ဆောင်မှုများ ။ စီမံကိန်းအတွက်ရန်ပုံငွေကိုအရစ်ကျထုတ်ပေးခြင်း၊ လုပ်ငန်း တိုးတက် ပြီးစီးမှုကို စာရင်းစစ်အစီရင်ခံစာများအရစစ်ဆေးခြင်းစသော ယေဘူယျ အစီအစဉ်များမှလွဲလျှင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အဖွဲ့ဝင်များ၏ အဂတိလိုက်စားမှုကို တားဆီးရန် သီးသီး သန့်သန့် အစီအမံများ၊ အဖွဲ့အစည်းဌာနများ ထားဝယ်နှင့်မြိတ်တွင် ချမှတ်ထားခြင်းမရှိသေးပေ။

သတင်းအချက်အလက်များပိုမိုရရှိနိုင်ရန် အောက်ပါလိပ်စာများသို့ဆက်သွယ်နိုင်ပါသည်။

၁။ VNG International


ဖုန်း - +၃၁ ၇၀ ၃၇၃ ၈၄ ၀၁

အီးမေးလ်- vng-international@vng.nl

ဝက်ဘ်ဆိုက် - www.vng-international.nl


၂။ လောကအလင်း


ဖုန်း - + ၉၅ ၉ ၄၂၁၁၆၅၁၉၈

+၉၅ ၉ ၇၉၅၅၆၅၈၂၈

အီးမေးလ်- palgomyanmar@gmail.com

Facebook: https://www.facebook.com/profile.php?id=100013789364687


*ဤစာတမ်းတွင် ဖော်ပြထားသော သဘောထားအမြင်များသည် ဥရောပသမဂ္ဂ၏ သဘောထားအမြင်များကို ထင်ဟပ်ဖော်ပြခြင်း မဟုတ်ပါ။.*